

# အမှန်တကယ် အကျိုးခံစားရသည့် ပိုင်ဆိုင်မှု အမည်မဖော် အကျိုးအမြတ် ရယူနေသူများကို EITI လုပ်ငန်းစဉ်ဖြင့် ဖော်ထုတ်ခြင်း

စက်တင်ဘာ ၂၀၁၆

global witness

Natural Resource Governance Institute

မျက်နှာဖုံးဓာတ်ပုံ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူ၊ မဒေးကျွန်းမှ အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်း (South East Asia Crude Oil Pipeline (SEAOP)) တည်ဆောက်ရာတွင် အသုံးပြုသည့် ဘိလပ်မြေဖျော်စက်။

© 2016 Natural Resource Governance Institute and Global Witness All rights reserved.

Natural Resource Governance Institute နှင့် Global Witness တို့မှ စာဖြင့် ခွင့်ပြုချက်မရပဲ စာတမ်းအစိတ်အပိုင်းအား ပြုပြင်ခြင်းမပြုလုပ်ရ။ မည်သည့်ပုံစံဖြင့် ဖြစ်စေ၊ မည်သည့်နည်းလမ်းဖြင့် ဖြစ်စေ ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းပြုလုပ်ရာတွင် Natural Resource Governance Institute နှင့် Global Witness ကို ရည်ညွှန်းဖော်ပြပေးရမည်။ မူရင်း စာတမ်းအပြည့်အစုံရှိသည့် အင်တာနက် စာမျက်နှာ လိပ်စာကိုလည်း ထည့်သွင်းပေးရမည်။ (ခွင့်ပြုချက်နှင့် ပတ်သက်ပြီး info@resourcegovernance.org သို့ဆက်သွယ်ပါ)

## မိတ်ဆက်

ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်လုပ်ငန်းများ ပွင့်လင်းမှုမရှိခြင်း၊ ခိုးကြောင်ခိုးဝှက် လုပ်ကိုင်စားသောက်ကြသည့် နိုင်ငံအများအပြားရှိသည့်အနက် မြန်မာနိုင်ငံလည်း အပါအဝင် ဖြစ်သည်။ပြည်သူများကို ဆင်းရဲတွင်းမှ ကယ်ထုတ်နိုင်မည့် သယံဇာတများမှာ အကျင့်ပျက် လူတစု လက်သို့ရောက်သွားသည့် ဖြစ်စဉ်မျိုးမှာ မကြာခဏ မြင်တွေ့နေရသည့် ကိစ္စဖြစ်သည်။ တွင်းထွက်လုပ်ငန်းပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်သည် ယင်းဖြစ်စဉ်များကို ရှောင်ရှားနိုင်ရန် ရည်ရွယ်ဖော်ထုတ်ထားသည့် လုပ်ငန်းစဉ်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၄င်းတို့ သဘာဝသယံဇာတ စီမံသုံးစွဲပုံများကို ပြည်သူအများ၏ အစစ်အဆေးခံနိုင်ရန် အလို့ငှာ ထုတ်ပြန်မှုများပြုလုပ်ပေးရမည်ဟု သတ်မှတ်ထားသည်။ မြန်မာနိုင်ငံသည်လည်း EITI ကို လက်တွေ့ အကောင်အထည်ဖော်နေသည့် နိုင်ငံဖြစ်ပြီး ပထမဆုံးသော အစီရင်ခံစာကို ၂၀၁၆ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သည်။ နောက်ပိုင်းလုပ်ငန်းစဉ်များကို ဖိဖိစီးစီး ဆောင်ရွက်မည်ဆိုပါက သယံဇာတမှ ရရှိလာသည့် အကျိုးအမြတ်များကို နိုင်ငံသားများ ရရှိခံစားစေရန် များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။ ယခုစာတမ်းသည် အဓိကအားဖြင့် EITI ၏ ပြဋ္ဌာန်းချက်အသစ်၊ စတင်ကျင့်သုံးမည့်စည်းမျဉ်းသစ်ဖြစ်သော တွင်းထွက်ကုမ္ပဏီများ၏ အမှန်တကယ်အကျိုးအမြတ်ရရှိနေသူ - အကျိုးခံစားခွင့် ပိုင်ဆိုင်သူကို ဖော်ထုတ်ခြင်းကို အလေးပေး ဖော်ပြထားပါသည်။ " အမှန်တကယ် အကျိုးခံစားရသည့် ပိုင်ဆိုင်သူနှင့် ပတ်သက်ပြီး EITI စံသတ်မှတ်ချက်များ ပြည့်မီရန်အတွက် စုစည်းရမည့်၊ ထုတ်ပြန်ရမည့် အချက်အလက်များနှင့် ပတ်သက်၍ အကြံပြုထားပြီး မြန်မာနိုင်ငံတွင် ယင်းလုပ်ငန်းစဉ်ကို အောင်အောင်မြင်မြင် ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် အဆင့်များကို ဖော်ပြထားသည်။

### စာတမ်းတွင် အထူးအလေးပေး ဖော်ပြထားသည့် ကိစ္စရပ်များမှာ

- မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်ကို စောင့်ကြည့်ထိန်းကျောင်းသည့် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဖက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များပါဝင်သည့် ညွှန့်ပေါင်း အဖွဲ့အနေဖြင့် အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူဆိုင်ရာ စံသတ်မှတ်ချက်များကို ထိထိရောက်ရောက် ဖြစ်အောင် မည်သို့ အကောင်အထည်ဖော်နိုင်ရန် နည်းလမ်း အကြံပေးခြင်း
- လိုအပ်သည့် အချက်အလက်များ စုဆောင်းခြင်း၊ ထုတ်ပြန်ခြင်း တာဝန်ယူထားသည့် ပုဂ္ဂိုလ်တဦးခြင်းကိုသော်လည်းကောင်း၊ အစုအဖွဲ့လိုက်ကိုသော်လည်းကောင်း လက်တွေ့ အသုံးတည့်နည်းလမ်းများ ညွှန်ပြအကြံပေးခြင်း
- နိုင်ငံတွင်း EITI သတ်မှတ်ချက်ဖြစ်သော အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာပိုင်း၊ ဘဏ္ဍာရေး ပံ့ပိုးမှုများ ဦးတည်ပံ့ပိုးသင့်ကြောင့် မြန်မာ၏ နိုင်ငံတကာ မိတ်ဖက်များသို့ တင်ပြခြင်းတို့ဖြစ်သည်။

ယခုစာတမ်းတွင်ဖော်ပြထားသည့်အချက်များသည် Natural Resource Governance Institute (NRGI) နှင့် Global Witness တို့၏ အကြံပေး ချက်သက်သက်သာဖြစ်ပါသည်။ EITI ၏ တရားဝင်လမ်းညွှန်ချက်အဖြစ် မှတ်ယူခြင်းမပြုရန် ဖော်ပြလိုပါသည်။

MEITI အတွက် အကြံပြုထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ချဉ်းကပ်ပုံများ အကျဉ်းချုပ်ကို စာတမ်း စာမျက်နှာ ၁၅ တွင်ဖော်ပြထားပါသည်။ အသေးစိတ် အချက်အလက်များနှင့် အသေးစိတ် လမ်းညွှန်ချက်များအတွက် လေ့လာရမည်များကို စာမျက်နှာ ၁၆ တွင် စာရင်းပြုစုဖော်ပြထားပါသည်။

## တွင်းထွက်ကဏ္ဍမှ အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု 'beneficial ownership' စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်

အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ ("beneficial owners") ဆိုသည်မှာ ကုမ္ပဏီကို အမှန်တကယ်ပိုင်ဆိုင်သူ သို့မဟုတ် ထိန်းချုပ်သူကို ဆိုလိုပါသည်။ ရေနံ၊ ဓာတ်ငွေ့၊ သတ္တုနှင့် အခြားတွင်းထွက် လုပ်ခွင့်လျှောက်ထားသည့် သို့မဟုတ် သက်တမ်းတိုးမည့် ကုမ္ပဏီများ၏ အမှန်တကယ်အကျိုးခံစားခွင့်ရရှိနေသူများ စာရင်းထုတ်ပြန်ခြင်းအားဖြင့် ပြည်သူများအနေဖြင့် သယံဇာတများကို မည်သူထုတ်ယူနေသည်၊ ပေါ်ပေါက်လာနိုင်သည့် အကျိုးစီးပွားတိုးတက်မှုများနှင့် အခြားအကျင့်ပျက် လာဘ်စားမှုများ အကြောင်းကို သိရှိခွင့်ရကြမည်ဖြစ်သည်။ ကုမ္ပဏီဆောင်ရွက်ချက်များသည် ဥပဒေချိုးဖောက်မှုအသွင် ဆောင်လာသည့်အခါတွင် အမှန်တကယ် အကျိုးခံစားခွင့်ရှိသူဆိုင်ရာ အချက်အလက်သည် တာဝန်ရှိသူ အစစ်အမှန် ပေါ်ပေါက်လာစေရန် အထောက်အကူပြုမည်ဖြစ်သည်။ ကုမ္ပဏီများ ပိုင်ဆိုင်သူအမည်မသိ ဖော်ထုတ်ခြင်းမရှိဘဲ ဆောင်ရွက်နေမှုများကို အဆုံးသတ်ရန် ကမ္ဘာတဝှမ်းတွင် ဆောင်ရွက်နေမှုများမှာ ပို၍အားကောင်းလာသည်။ ၂၀၁၆ ခုနှစ်မေလ၊ လန်ဒန်တွင်ပြုလုပ်ခဲ့သည့် လာဘ်စားမှုတိုက်ဖျက်ရေး ထိပ်သီးဆွေးနွေးပွဲတွင် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ပွင့်လင်းမြင်သာရေးနှင့် ပတ်သက်ပြီး ခိုင်ခိုင်မာမာ ပေါင်းစည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို အလေးပေး ဆွေးနွေးခဲ့သည်။ ကုမ္ပဏီများ၏ ပိုင်ရှင်အစစ်အမှန် အချက်အလက် အသေးစိတ်ကို ပြည်သူများကြည့်ရှုနိုင်ရန် မှတ်တမ်းတင်သည့် နိုင်ငံအရေအတွက်မှာလည်း တိုးသထက် တိုးလာနေသည်။[၁]

အကျင့်ပျက်လာဘ်စားမှုအခက်အခဲများ ပပျောက်သွားအောင် ဖြေရှင်းရန်အခွင့်အလမ်း တခုအနေနှင့် EITI သည် အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူအမည်စာရင်း ဖွင့်ပြရေးသတ်မှတ်ချက်ကို ပြဌာန်းချက်အသစ်အနေဖြင့် ထပ်တိုးပြဌာန်းထားသည်။

---

ကုမ္ပဏီဖွဲ့စည်းပုံကို အကြောင်းပြုလျက် သဘာဝ သယံဇာတ ကဏ္ဍ လာဘ်စားအကျင့် ပျက်မှုများ ဖြစ်ပေါ်ခဲ့သည်မှာ ကမ္ဘာတဝှမ်းတွင် မရေမတွက်နိုင်အောင်ပင် ဖြစ်သည်။ အမည်မသိ ကုမ္ပဏီပုန်းများ ဖွင့်လှစ်ခြင်းဖြင့် အာဏာရှိ ပုဂ္ဂိုလ်များသည် ၎င်းတို့ သရုပ်မှန်ကိုဖုံးကွယ်ထားနိုင်ပြီး သဘာဝသယံဇာတကို လူမသိသူမသိ အရောင်းအဝယ် ပြုလုပ်နိုင်ကြသည်။ ယင်းသို့ ပုန်းလျှိုးကွယ်လျှိုးလက်သိပ်ထိုး အပေးအယူများသည် လူတစုကို အားကောင်းစေသော်လည်း တတိုင်းပြည်လုံးကို အကြီးအကျယ် ဆိုးကျိုးပေးလေ့ရှိသည်။ ယင်းကိစ္စများကို မည်သို့ရပ်တန့်နိုင်မည်နည်း။

---

## နာမည်ပုန်း၊ နာမည်ဂှက်ဖြင့် လည်ပတ်နေသည့် ကုမ္ပဏီများ ကိစ္စဖြေရှင်းခြင်း

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် EITI လုပ်ငန်းအစီအစဉ်တွင်[၂] အမှန်တကယ် အကျိုးခံစားနေသည့် ပိုင်ဆိုင်မှု ပွင့်လင်းမြင်သာရေးကိစ္စကို ထည့်သွင်းခဲ့သည်။ ယင်းနှစ်မှာပင် ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီ ၂၅ ခုသည် အကျိုးခံစားခွင့် ပိုင်ဆိုင်မှု အသေးစိတ်ကို ဖွင့်ပြခဲ့ပြီး မြန်မာနှင့်ကမ္ဘာတွင် အရေးကြီးသည့် တိုးတက်ဖြစ်ထွန်းမှုတခုကို ဖြစ်စေခဲ့သည်။ ယင်းအခြေခံပေါ်တွင် ဆက်လက် ရပ်တည်သွားရန် အခြေအနေပေးနေပြီဖြစ်သောကြောင့် ကုမ္ပဏီပိုင်ဆိုင်မှုများ ဖွင့်ပြခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် ဖော်သွားရန် လမ်းကြောင်းများရှိနေပြီဖြစ်သည်။

MEITI အနေဖြင့် အကျိုးခံစားခွင့်ပိုင်ဆိုင်မှု ပွင့်လင်းမြင်သာခြင်းကိစ္စ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ တာဂန်ခံမှု တိုးတက် ပြီး၊ အကျင့်ပျက်လာဘ်စားမှုများ ထိထိရောက်ရောက် တိုက်ဖျက်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်လာစေရန် လုပ်ငန်းအဆင့် ၇ ဆင့်ကို စာတမ်းတွင် ဖော်ပြထားပါသည်။

၁။ အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုမှု ခိုင်ခိုင်မာမာဖွင့်ဆိုရန်
၂။ အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူများ သတင်းအချက်အလက် ဖော်ထုတ်ရေးနှင့်ပတ်သက်ပြီး သဘောတူညီမှုရယူရန်
၃။ ရေတို ရေရှည် ကာလအလိုက် ဖွင့်ပြမည့် အတိုင်းအတာ သတ်မှတ်သဘောတူခြင်း
၄။ အချက်အလက်စုဆောင်းရန် လုပ်ငန်းစဉ်နှင့် အချိန်သတ်မှတ်ခြင်း
၅။ အချက်အလက် အတည်ပြုနိုင်ရေးအတွက် အလုပ်တွင်ကျယ်မည့် နည်းလမ်းရှာဖွေခြင်း
၆။ အချက်အလက်များကို အလွယ်တကူရယူနိုင်ရန် ထုတ်ပြန်ခြင်း
၇။ တွင်းထွက်ကဏ္ဍ အုပ်ချုပ်စီမံမှု တိုးတက်စေရန် အလေးပေးဆောင်ရွက်ခြင်း။

### အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်ပြီး ၂၀၁၆ EITI စံနှုန်း သတ်မှတ်ချက်များ

အပိုဒ် ၂.၅ [၃]

က) အကောင်အထည်ဖော်နေသည့် နိုင်ငံများအနေဖြင့် လေလံလျော့က်ထားသည့် လုပ်ငန်းဆောင်ရွက်နေသည့် သို့မဟုတ် တူးဖော်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနေသည့် လုပ်ငန်း(များ)၏ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူများ စာရင်းကို အများပြည်သူ ကြည့်ရှုနိုင်ရန်ပြုစုထားရမည်။ အကျိုးခံစားခွင့်ပိုင်ရှင်(များ)၊ ပိုင်ဆိုင်မှုအဆင့်၊ ပိုင်ဆိုင်မှု အသေးစိတ်နှင့် ထိန်းချုပ်မှု အာဏာ အသုံးချပုံများကို အများပြည်သူသိစေရန် စာရင်းပြုစု ထုတ်ပြန်ရမည်။ အခြေအနေပေးပါက လုပ်ငန်းစောင့်ကြည့် ထိန်းသိမ်းသူ များ၊ စတော့အိတ်ချိန်းများ သို့မဟုတ် တွင်းထွက်လုပ်ငန်း လိုင်စင်ချပေးသည့် ဌာနများသို့ ကုမ္ပဏီများမှ တင်သွင်းရသည့် လျှောက်လွှာများတွင် အကျိုးခံစားရသည့် ပိုင်ဆိုင်မှု အထောက်အထားများကို ထည့်သွင်းစေသင့်သည်။ အချက်အလက်များ ကို အများပြည်သူ သိရှိစေရန် ထုတ်ပြန်ထားပြီးဖြစ်ပါက ယင်းအချက်အလက်များ မည်သို့အသုံးချသင့်သည်ကို EITI အစီရင်ခံစာတွင် လမ်းညွှန်ထားသင့်သည်။

ခ) ဆက်လက်သတ်မှတ်ထားသည်မှာ

၁) အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ဖွင့်ချရေးနှင့် ပတ်သက်ပြီး အစိုးရ၏ မူဝါဒနှင့် ညွှန့်ပေါင်းအဖွဲ့တို့၏ ဆွေးနွေးချက်များကို EITI အစီရင်ခံစာတွင် မှတ်တမ်းတင် ဖော်ပြထားရမည်။ သက်ဆိုင်ရာ ဥပဒေပြဌာန်းချက်များ၊ အမှန်တကယ် ကျင့်သုံးနေသည့် ဖွင့်ပြမှုပုံစံများ၊ အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှု ဖွင့်ပြရေးနှင့်ပတ်သက်ပြီး ပြုပြင်ပြောင်းလဲ ရေးအစီအစဉ်များ၊ ဆောင်ရွက်နေသည့် ကိစ္စရပ်များ အသေးစိတ်ကိုထည့်သွင်း မှတ်တမ်းတင်ရမည်။

၂) အပိုဒ် (ဂ) (စ) တွင် ဖော်ပြထားသည်နှင့်အညီ အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှု ဖွင့်ပြခြင်းနှင့်ဆိုင်သည့် လမ်းပြမြေပုံကို ညွှန့်ပေါင်းအဖွဲ့အနေဖြင့် ၂၀၁၇ ဇန်နဝါရီတွင် ထုတ်ပြန်သွားရန်ရှိသည်။ လမ်းပြမြေပုံတွင် ဆောင်ရွက်ရမည့် ကိစ္စများ၊ အချိန် သတ်မှတ်ချက်များကို ညွှန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ်ထည့်သွင်းမည်ဖြစ်ပြီး နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာ၏ အစိတ်အပိုင်း တခုအနေဖြင့် လမ်းပြမြေပုံအကောင်အထည် ဖော်မှုကို ညွှန့်ပေါင်းအဖွဲ့မှ ဆန်းစစ်မည်ဖြစ်သည်။

ဂ) EITI အစီရင်ခံစာတွင် အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှု ဆိုင်ရာအချက်အလက်များကို ကုမ္ပဏီများမှ ဖွင့်ပြရန်လိုမည်ဖြစ်ပြီး အကောင်အထည်ဖော်သည့်နိုင်ငံများအနေဖြင့်လည်း တိုက်တွန်းမှုများပြုလုပ်ခြင်းကို ၂၀၂၀ ဇန်နဝါရီ ၁ ရက်နေ့တွင် ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လေလံလျှောက်ထားသည့်၊ လုပ်ငန်းဆောင်ရွက်နေသည့် သို့မဟုတ် တူးဖော်ရေးလုပ်ငန်းများတွင် ရင်းနှီးမြုပ်နှံနေသည့် လုပ်ငန်း(များ)၏ အကျိုးခံစားခွင့်ရှိ ပိုင်ရှင်(များ)၊ ပိုင်ဆိုင်မှု အဆင့်၊ ပိုင်ဆိုင်မှု အသေးစိတ်နှင့် ထိန်းချုပ်မှု အာဏာအသုံးချပုံများကို ဖော်ပြရမည်ဖြစ်သည်။ ၂၀၂၀ ဇန်နဝါရီလတွင် ယင်းသတ်မှတ်ချက် အချိန်မီအကောင်အထည်ဖော်နိုင်ရန်အတွက် အခြေခံဥပဒေအကျပ်အတည်း သို့မဟုတ် လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲကြီးများရှိနေခဲ့သည်ဆိုပါက သတ်မှတ်ချက် ၈.၁ နှင့်အညီ သင့်တော်သည့် နည်းလမ်းအသုံးပြုပြီး အကောင်အထည်ဖော်နိုင်သည်။

ဃ) အကျိုးခံစားခွင့်ရှိ ပိုင်ရှင်သရုပ်မှန် အချက်အလက်များဖော်ပြရာတွင် အမည်၊ နိုင်ငံသား၊ နေထိုင်ရာ နိုင်ငံ၊ နိုင်ငံရေးအရဆက်နွယ်မှုရှိမရှိကိုပါ ထည့်သွင်းဖော်ပြရမည်။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ မွေးနေ့၊ လုပ်ငန်းနေရာ သို့မဟုတ် နေအိမ်လိပ်စာ၊ ဆက်သွယ်နိုင်သည့် နည်းလမ်းများကို ဖော်ပြရမည်ဖြစ်သည်။

င) ပါဝင်သည့် ကုမ္ပဏီများမှ ပေးအပ်သည့် အကျိုးခံစားခွင့်ရှိသူ ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ တိကျမှုရှိစေရန်အတွက် ညွှန့်ပေါင်းအဖွဲ့သည် နည်းလမ်းများ ချမှတ်သဘောတူရမည်။ အကြီးတန်းစီမံမှုအဖွဲ့ သို့မဟုတ် အကြီးတန်း ဥပဒေ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်တဦးမှ လက်မှတ်ရေးထိုးထားသည့် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ကြေညာချက် တင်ပြစေခြင်း သို့မဟုတ် အထောက်အပံ့ဖြစ်စေမည့် စာရွက်စာတမ်းများ တင်ပြစေခြင်း အစရှိသည့် နည်းလမ်းများပါဝင်နိုင်သည်။

စ) အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်

၁) ကုမ္ပဏီတခု၏ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူဆိုသည်မှာ လုပ်ငန်းစုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ပိုင်ဆိုင် သို့မဟုတ် ထိန်းချုပ်သည့် လူပုဂ္ဂိုလ်ကို ဆိုလိုသည်။

၂) အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ အသုံးအနှုန်းနှင့်ပတ်သက်ပြီး ညွှန့်ပေါင်းအဖွဲ့အနေဖြင့် သင့်တော်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အတည်ပြုရမည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထက်ဖော်ပြခဲ့ပါ (စ) (၁)နှင့် ကိုက်ညီရမည်ဖြစ်ပြီး နိုင်ငံတကာ သတ်မှတ်ချက်များ၊ သင့်တော်သည့် နိုင်ငံဥပဒေများနှင့်လည်း ချိန်သားကိုက်ဖြစ်ကာ ပိုင်ဆိုင်မှု အတိုင်းအတာ သတ်မှတ်ချက်များပါဝင်ရမည်ဖြစ်သည်။ နိုင်ငံရေးအရ ဆက်စပ်မှုရှိသည့် ပုဂ္ဂိုလ်များအတွက် အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ရှင်းလင်းစွာ ဖော်ပြထားသင့်သည်။

၃) တဦးတည်းပိုင်လုပ်ငန်းများအပါအဝင် တရားဝင်ကုမ္ပဏီများအနေဖြင့် စတော့အိတ်ချိန်း အမည်များကို ၎င်းတို့ ဈေးကွက်တင်သည့် ဈေးကွက်ကွန်ယက် အချိတ် အဆက်နှင့်တကွ ဖော်ပြရန်လိုသည်။

၄) ဖက်စပ်လုပ်ငန်းဆိုပါက ဖက်စပ်လုပ်ငန်းတွင် ပါဝင်သည့် အစုအဖွဲ့များသည် တရားဝင်မှတ်ပုံတင်ထားခြင်း သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသည့် တဦးတည်းပိုင် ကုမ္ပဏီများမဟုတ်ပါက ၎င်းတို့၏ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ (များ) စာရင်းကို ဖွင့်ပြရမည်။ ပေးအပ်သည့် အချက်အလက်များ မှန်ကန်စေရန် အစုအဖွဲ့တိုင်းမှ တာဝန်ခံ ဆောင်ရွက်ရမည်။

ဆ) ထိုကဲ့သို့သော ကုမ္ပဏီများ၏ ဥပဒေကြောင်းအရပိုင်ဆိုင်သူ၊ ရှယ်ယာပိုင်ရှင်များ ဆိုင်ရာအချက်အလက်များကို EITI အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

## အဆင့် ၁။ အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု အဓိပ္ပာယ် သတ်မှတ်ရန်

အမှန်တကယ် အကျိုးခံစားခွင့်ရှိပိုင်ဆိုင်မှု ဖွင့်ပြခြင်း အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို မြန်မာနိုင်ငံတွင် EITI လုပ်ငန်းစဉ်မှတဆင့် MEITI အနေဖြင့် ဆောင်ရွက်သင့်သည်။ EITI အောက်တွင် ဖွင့်ဆိုထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အနိမ့်ဆုံး အဆင့်အနေဖြင့် ကုမ္ပဏီကို အလုံးစုံပိုင်ဆိုင်သူ သို့မဟုတ် ထိန်းချုပ်သူ အချက်အလက်ကို ဖော်ပြနိုင်ရမည်။

### အပြည့်အဝ ထိန်းချုပ်ထားသည့် ပိုင်ရှင်များ

ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုပုံစံများမှာ ရှုပ်ထွေးလှသည်။ အခြားကုမ္ပဏီတခု၊ ပုဂ္ဂလိက အာမခံအစုအဖွဲ့များ သို့မဟုတ် ရှယ်ယာများ ကိုယ်စားစီမံခွင့်ကို နှစ်ဦးကြား သဘောတူညီချက်ဖြင့် အခြားသူထံသို့ လွှဲအပ်ထားခြင်းဖြင့် (ဥပမာ ခင်ပွန်းသည်၏ ကိုယ်စား ဇနီးဖြစ်သူက စီမံပေးခြင်း) ရှယ်ယာများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ပိုင်ဆိုင်စီမံနေကြသည်။ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှုကို စကားစုအဓိပ္ပာယ်သတ်မှတ်သည့်အခါတွင် ပိုင်ဆိုင်မှုပြဇယား၏ ထိပ်ဆုံးတွင် ရှိနေသည့် သက်ရှိပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၊ အစစ်အမှန်အကျိုးခံစားခွင့်ရှိသူများ၊ ကုမ္ပဏီနောက်တွင် အမှန်တကယ် ရပ်တည်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များအကြောင်းကို ဖော်ထုတ်နိုင်ရမည်။ ကုမ္ပဏီမှတ်ပုံတင်တွင် ဥပဒေကြောင်းနှင့်အညီ ရှယ်ယာရှင်အဖြစ် စာရင်းပေးထားသူများနှင့် အမှန်တကယ် အကျိုးခံစားနေသည့် ပိုင်ရှင်များမှာ ကွဲပြားနေတတ်သောကြောင့် ဖြစ်သည်။

### ထိန်းချုပ်ခြင်း

လူပုဂ္ဂိုလ်တဦးတယောက်အနေဖြင့် ကုမ္ပဏီတွင် ပိုင်ဆိုင်မှု ရှယ်ယာ တစုံတရာမရှိသော်လည်း ကုမ္ပဏီ၏ ဆုံးဖြတ်ချက်များတွင် အာဏာသက်ရောက်သည်များလည်း ရှိနိုင်သည်။ (ဥပမာ - ဥပဒေကြောင်းအရ တရားဝင်ပြထားသည့် ပိုင်ရှင်များနှင့် နှစ်ကိုယ်ကြား သဘောတူညီချက်ယူပြီး ထိန်းချုပ်ခြင်း) ယင်းနည်းလမ်းဖြင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများပေါ်တွင် လွှမ်းမိုးနိုင်သည့် ပုဂ္ဂိုလ်များ၏ ကိုယ်ရေးရာဇဝင်များကိုလည်း ဖွင့်ပြရမည်။

MEITI အနေဖြင့် ထိန်းချုပ်မှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ခြင်းကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိနေသည်။ ယင်းအဓိပ္ပာယ် ဖွင့်ဆိုချက်ဖြင့် စီးပွားရေးအကျိုးအမြတ်များ ရရှိခံစားနေသည့် ပုဂ္ဂိုလ်များကို လူသိလာစေရန် ဆောင်ရွက်နိုင်သည်။ ကုမ္ပဏီတွင် တရားဝင် ပိုင်ဆိုင်မှုမရှိသော်လည်း ကုမ္ပဏီ၏ အမြတ် ရှယ်ယာကဲ့သို့သော အကျိုးအမြတ်များ ခံစားနိုင်ရန် သဘောတူညီချက် ရရှိထားခြင်း သို့မဟုတ် ချိတ်ဆက်မှုရှိနေသည့် ကိစ္စရပ်များလည်း ကြုံတွေ့ရနိုင်သည်။ စီးပွားရေးအရ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှုဟု သတ်မှတ်ရာတွင် ကုမ္ပဏီ၏ ဆောင်ရွက်မှုများမှ အကျိုးခံစားနေရသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ ကိုယ်ရေးရာဇဝင်များ ဖွင့်ပြရန် လိုအပ်သည်။ အောက်ဖော်ပြပါ ဖွင့်ဆိုချက်သည် အမေရိကန်ပြည်ထောင်စု၏ ကုမ္ပဏီပိုင်ဆိုင်မှု ပွင့်လင်းမြင်သာရေး အစီအစဉ်မှ ထုတ်နုတ်တင်ပြခြင်းဖြစ်ပြီး စီးပွားရေးအရ အကျိုးအမြတ်ခံစားရခြင်းကိုလည်း ထည့်သွင်းထားသည်။

---

ဥပဒေအရစုဖွဲ့ထားသည့် အစုအဖွဲ့တခုပေါ်သို့ အပြည့်အဝထိန်းချုပ်နိုင် သို့မဟုတ် ထိုအစုအဖွဲ့တွင် စီးပွားရေး အကျိုးအမြတ် ကြီးကြီးမားမားရှိနေသူ သို့မဟုတ် ထိုအစုအဖွဲ့မှ စီးပွားရေး အကျိုးအမြတ် အများအပြား ရရှိနေသည့် လူပုဂ္ဂိုလ်ကို ဆိုလိုသည်။ [၄]

အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ မဟုတ်ကြောင်းမည်ကဲ့သို့ သတ်မှတ်မည်ကိုလည်း MEITI အနေဖြင့် ပြတ်ပြတ် သားသား အတိုင်းအတာ သတ်မှတ်ချက်များပြုလုပ်ထားရမည်။

---

မြန်မာနှင့် အချို့သော နိုင်ငံများမှ ကုမ္ပဏီမှတ်ပုံတင်ရာတွင် ကုမ္ပဏီ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုဆိုင်ရာ အချက်အလက်အချို့ ပါဝင်သည်။ မြန်မာနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင်ရာတွင် ကုမ္ပဏီဝန်ထမ်းများ (ဒါရိုက်တာများနှင့် အတွင်းရေးမှူးများ) ၏ အသေးစိတ်အချက်အလက်များ၊ အမည်များ ပါဝင်သည်။ ဥပဒေကြောင်းအရ ရှယ်ယာပိုင်ဆိုင်သူများ၏ အမည်များကိုလည်း ဖော်ပြထားရသည်။ ယင်းကဲ့သို့သော အချက်အလက်များ ဆက်လက် ကြည့်ရှုခွင့်ရရန်မှာအရေးကြီးသည်။ (ဥပဒေကြောင်းအရ ပိုင်ဆိုင်သည့် ရှယ်ယာရှင်များ နှင့်ပတ်သက်ပြီး ယခင်ကဲ့သို့ပင် အများပြည်သူသိစေရန် ထုတ်ပြန်ထားရန် အရေးကြီးသည်။) မည်သို့ဆိုစေကာမူ လက်ရှိမှတ်ပုံတင်စနစ်တွင် တင်ပြရသည့် အချက်အလက်များတွင် ကုမ္ပဏီ၏ အကျိုးခံစားရသည့် ပိုင်ရှင်များနှင့် ဆိုင်သည့် အကြောင်းအရာများ ပါဝင်ခြင်းမရှိပါ။ အထူးသဖြင့် အောက်ဖော်ပြပါ အစုအဖွဲ့များသည် အကျိုးခံစားရသည့် ပိုင်ရှင်မဟုတ်သူများ ဖြစ်ကြောင်းကို နားလည်ထားရန် အရေးကြီးသည်။

## ရှယ်ယာလက်ဝယ်ရှိသည့် ကုမ္ပဏီများ နှင့် အာမခံ အစုအဖွဲ့များ

လူပုဂ္ဂိုလ် (ပြင်ပတွင်အစစ်အမှန် သက်ရှင်နေထိုင်သည့် လူသားကို ဆိုလိုသည်) သာလျှင် အကျိုးခံစားသည့် ပိုင်ရှင်ဖြစ်နိုင်သည်။ အခြားအစုအဖွဲ့များဖြစ်သော ပုဂ္ဂလိက ကုမ္ပဏီ သို့မဟုတ် အာမခံအစုအဖွဲ့များသည် အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်သူများ မဖြစ်နိုင်ပါ။ ချွင်းချက်အနေဖြင့် စတော့အိတ်ချိန်းတွင် စာရင်းတင်ထားသည့် ကုမ္ပဏီများဆိုပါက ယင်းတို့အနေဖြင့် ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်ပြီး ထပ်မံ ထုတ်ပြန်ရန် မလိုအပ်ပါ။ [၅]

## ဒါရိုက်တာများနှင့် ဘုတ်အဖွဲ့ဝင်များ

EITI စံသတ်မှတ်ချက် နှင့် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ဖွင့်ဆိုချက်နှင့် ပတ်သက်ပြီး အများလက်ခံသည့် အခြားစံနှုန်းများအရ ကုမ္ပဏီတခု၏ ဒါရိုက်တာ သို့မဟုတ် ဘုတ်အဖွဲ့ဝင် ဖြစ်ခြင်းကြောင့် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ မဖြစ်နိုင်ပါ။ သို့တိုင်အောင် ဒါရိုက်တာများနှင့် ဘုတ်အဖွဲ့ဝင်များ၏ အချက်အလက်များ ထုတ်ပြန်ခြင်းသည် အသုံးဝင်သည် ဖြစ်သောကြောင့် ဆက်လက်အားပေးသင့်သည်။ သို့သော်လည်း ယင်းသို့ထုတ်ပြန်ခြင်းသည် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ အချက်အလက် ဖွင့်ပြခြင်းနှင့် အကျိုးသွားမတူညီသည်ကို သိထားရမည်။

## အမည်ခံပိုင်ရှင်

ပုဂ္ဂိုလ်တဦးသည် အခြားသူတဦးကိုယ်စား ကုမ္ပဏီရှယ်ယာများကို စီမံပေးသည်ဆိုပါက (ဆိုလိုသည်မှာ အမှန်တကယ် ပိုင်ဆိုင်သူကိုယ်စား ရှေ့ထွက်ဆောင်ရွက်ပေးခြင်း) ယင်းရှေ့ထွက်ဆောင်ရွက်ပေးသူသည် အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူမဟုတ်ပါ။ ကိုယ်စားခိုင်းစေသူသည်သာလျှင် အကျိုးခံစားရသည့် ပိုင်ဆိုင်သူဖြစ်သည်။ ဥပမာ ကုမ္ပဏီ၏ ရှယ်ယာများကို ခင်ပွန်းသည်ကိုယ်စား ဇနီးဖြစ်သူက စီမံသည်ဆိုပါက ဇနီးသည်သည်  အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူမဟုတ်ပါ။ ခင်ပွန်းသည်သာလျှင် အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်သူဖြစ်သည်။

## MEITI အနေဖြင့် ဖွင့်ပြရေးနှင့် ပတ်သက်ပြီး အကန့်အသတ်မရှိ (အကောင်းဆုံး) သို့မဟုတ် အကန့်အသတ် အနည်းငယ်သာရှိသည့် ဖွင့်ဆိုသတ်မှတ်မှု ကန့်သတ်ချ မှတ်ထားရမည်။

အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူအားလုံး အနေဖြင့် ၎င်းတို့ ပိုင်ဆိုင်မှုစီးပွားများ ကြေညာရန်လိုမလို သို့မဟုတ် အကန့်အသတ်တခုသတ်မှတ်ကာ ကြေညာစေမည်လားကို MEITI အနေဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ (ဆိုလိုသည်မှာ ရာခိုင်နှုန်း အတိုင်းအတာသတ်မှတ်ချက်တခုကို ကျော်လွန်ကာ ပိုင်ဆိုင်သည့် ပုဂ္ဂိုလ်များ၏ အကြောင်းအချက် အလက်များကို ဖွင့်ပြစေခြင်း)

ကန့်သတ်ချက်ချမှတ်ခြင်းနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရာတွင် ဂရုတစိုက်ချရန် အလွန်အရေးကြီးသည်။ ဥပမာအားဖြင့် အချို့သော ရေနံထုတ်လုပ်သည့် ကုမ္ပဏီများတွင် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ တဦးသည် ရှယ်ယာ အနည်းငယ်သာ ပိုင်ဆိုင်ထားကြသည်မှာ ထူးဆန်းသည့် ကိစ္စမဟုတ်ပါ။ ရံဖန်ရံခါ  ၁ ရာခိုင်နှုန်းအောက်သာ ပိုင်ဆိုင်သည်လည်းရှိသည်။ တူးဖော်ရေးလုပ်ငန်းအကြီးများအတွက်ဆိုလျှင် ၁ သို့မဟုတ် ၅ ရာခိုင်နှုန်း ရှယ်ယာသည်ပင်လျှင် အမြတ်အစွန်းအလွန်များပြီး သန်းနှင့်ချီသည့် အမြတ်များဖြစ်ပေါ်စေနိုင်သည်။  စိစစ်မှုကို ရှောင်ရှားလိုသူများအနေဖြင့် ၎င်းတို့ ရှယ်ယာအမြတ် အစွန်းအတိုင်းအတာကို သတ်မှတ်သည့်အခါတွင် ယင်းသတ်မှတ်ချက် အကန့်အသတ်ကိုလမ်းညွှန်အဖြစ် အသုံးချခြင်းခံရနိုင်သည်ကို သိရမည်ဖြစ်သည်။

ကုမ္ပဏီအနေဖြင့် ပိုင်ဆိုင်မှုသတ်မှတ်ချက် ပြုပြင်ခြင်းကို အလွယ်တကူ စီမံနိုင်သည်ဖြစ်သောကြောင့် လူမသိသူမသိ အကျိုးခံစားလိုသူများ အနေဖြင့် အကျိုးခံစားခွင့်ရှိသူ စာရင်းဝင်နိုင်လောက်သည့် ပမာဏကို လျော့ပေါ့ ပြုပြင်လိုက်ကာ အများပြည်သူ စောင့်ကြည့်မှုမှ အလွယ်တကူရှောင်ရှားသွားနိုင်သည်။ ဥပမာအာဖြင့် မော်ဒိုဗာတွင် ရှယ်ယာ ၁ ရာခိုင်နှုန်းနှင့်အထက် ပိုင်ဆိုင်မှုများ အတွက် ဖွင့်ပြရမည့် သတ်မှတ်ချက်များ ရှောင်ရှားနိုင်ရန် အချို့သော ကုမ္ပဏီများသည် အမည်မသိ ကုမ္ပဏီ အစုအဖွဲ့များကို ရှယ်ယာ ဂ.၉၉ ရာခိုင်နှုန်း သို့မဟုတ် ယင်းအောက် လျော့နည်းကာ ပိုင်ဆိုင်စေပြီး ၎င်းတို့နှင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဖွင့်ပြရေး သတ်မှတ်ချက်များကို ရှောင်ရှား ကြသည်။ [၆]

မြန်မာ့တွင်းထွက်တူးဖော်ရေးကဏ္ဍတွင် အကျင့်ပျက်လာဘ်စားမှု မြင့်မားလှသည် ဖြစ်သောကြောင့် မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီများအားလုံးသည် ၎င်းတို့၏ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူများအားလုံးကို ဖွင့်ပြရန် သဘောတူညီချက်ရအောင် ညှိနှိုင်းခြင်းသည် အကောင်းဆုံး ချဉ်းကပ်ပုံဖြစ်သည်။ ဒုတိယအနေနှင့် အဆင့်သတ်မှတ်ချက်တခုကို သဘောတူရန် ဖြစ်သည်။ အဆင့်သတ်မှတ်ချက်သည်လည်း နိမ့်နိုင်သမျှအနိမ့်ဆုံး ဖြစ်ရန်လိုအပ်သည်။ သို့မှသာ နာမည်ပေါ်မည်ကို စိုးရိမ်ကာ ရှောင်ရှားလိုသည့် အကျိုးခံစားနေရသူများအတွက် လက်တလုံးခြားဆောင်ရွက်ရန် ခက်ခဲသွားမည်ဖြစ်သည်။ အဆင့်သတ်မှတ်ချက်ကို သဘောတူ သတ်မှတ်မည်ဆိုပါက ၅ ရာခိုင်နှုန်းထက်ပို၍ မသတ်မှတ်သင့်ပါ။ လုပ်ငန်းတခုတွင် အမြတ်ရှယ်ယာ ၅ ရာခိုင်နှုန်းထက်ပို၍ စီမံနေသူ သို့မဟုတ် ထိန်းချုပ်နေသူတိုင်း၏ အမည်များကို ဖော်ထုတ်ပြသရမည်။

ပိုင်ဆိုင်မှုပြဇယား ရှည်လျား၊ ရှုပ်ထွေးခြင်းသည် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူတဦး၏ ပိုင်ဆိုင်မှု အပြည့်အဝကို ဖော်ထုတ်ရာတွင် အတားအဆီးများဖြစ်ပေါ်စေသည်ကို သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် ၎င်းသည် တစုထက်ပိုသည့် ရှယ်ယာများကို ရယူထားသည်ဆိုပါက အခက်အခဲရှိနိုင်သည်။ ထို့ကြောင့် အောင်မြင်သည့် ဖွင့်ပြရေးလုပ်ငန်းစဉ်တခုသည် လူတဦးချင်းစီ၏ ရှယ်ယာ အပြည့်အဝကို ပုံဖော်နိုင်ရမည်။ (ဆိုလိုသည်မှာ ၎င်းတို့၏ ပိုင်ဆိုင်မှု စုစုပေါင်းကို ဖော်ထုတ်နိုင်ရမည်)

စီမံမှုပိုင်းနှင့် လုပ်ငန်းပြီးမြောက်မှုပိုင်း အချိုးကျလိုက်ဖက်ညီစေရန် ဆောင်ရွက်သည့်အခါတွင် ရှယ်ယာပိုင်ဆိုင်မှုသည် ကုမ္ပဏီ၏ ငွေကိုထိန်းချုပ်လျက်ရှိသည် သို့မဟုတ် ဆုံးဖြတ်ချက်များပေါ်တွင် လွှမ်းမိုးမှုရှိသည်ဟု တသမတ်တည်း မယူဆမိစေရန် အရေးကြီးသည်။

ထို့ကြောင့် မည်သည့်ပုံစံမျိုးဖြင့် ပိုင်ဆိုင်သည် သို့မဟုတ် ထိန်းချုပ်သည် ဆိုစေကာမူ အနိမ့်ဆုံးသတ်မှတ်ချက်ကို အသုံးချရမည်ဖြစ်သည်။ ဥပမာအားဖြင့် ၅ ရာခိုင်နှုန်းကို အနိမ့်ဆုံးသတ်မှတ်ချက်အဖြစ်အသုံးပြုသည်ဆိုပါက ရှယ်ယာ ၅ ရာခိုင်နှုန်း ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ် (လုပ်ငန်းစုများ၊ ရှေ့ထွက်များ သို့မဟုတ် အခြားနည်းလမ်းဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်) သို့မဟုတ် ကုမ္ပဏီကို ၅ ရာခိုင်နှုန်း ထိန်းချုပ်ထားသည့် ပုဂ္ဂိုလ် (ဥပမာ ရှေ့နေမှတဆင့်၊ စာချုပ်သဘောတူညီချက်များ နှင့် ဆွေမျိုးများမှတဆင့်) များပေါ်တွင်လည်း အကျုံးဝင် အသုံးချရမည်ဖြစ်သည်။

## နိုင်ငံရေးအရ ဆက်နွယ်နေသည့် ပုဂ္ဂိုလ်များနှင့်ဆိုင်သည့် အချက်အလက်များ ဖော်ထုတ်ရေးနှင့် ပတ်သက်ပြီး MEITI အနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ရမည်ဖြစ်သည်။

လုပ်ငန်းထိရောက်မှုရှိစေရန် အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှု ဖွင့်ပြရေးသည် နိုင်ငံရေးအရ ဆက်နွယ်မှုရှိသည့် ပုဂ္ဂိုလ်များနှင့် ပတ်သက်သည်များကို အထူးအာရုံစိုက် ဖော်ပြသင့်သည်။

**မြန်မာအနေဖြင့် ပါဝင်လက်မှတ်ထိုးထားသည့် ကုလသမဂ္ဂ လာဘ်စားမှုတိုက်ဖျက်ရေး သဘောတူညီချက်တွင် နိုင်ငံရေးအရ ဆက်နွယ်မှုရှိသူဆိုသည်မှာ အရေးပါသည့် အများနှင့်ဆိုင်သောလုပ်ငန်းများတွင် ပါဝင်နေသူ၊ ပါဝင်ခဲ့ဖူးသူ၊ ၎င်းတို့ မိသားစုဝင်များ၊ ရင်းနှီးသည့် အပေါင်းအသင်းများ ဖြစ်သည်ဟု ဖွင့်ဆိုထားသည်။** [၇]

ယင်းဖွင့်ဆိုချက်အရ အစိုးရအကြီးအကဲ၊ ဂါရင့်နိုင်ငံရေးသမားများ၊ အစိုးရ အဆင့်မြင့်ပိုင်း၊ တရားစီရင်ရေး သို့မဟုတ် စစ်တပ်အရာရှိများ၊ နိုင်ငံပိုင်လုပ်ငန်းများမှ အကြီးတန်း အလုပ်အမှုဆောင်များ သို့မဟုတ် အရေးပါသည့် နိုင်ငံရေးပါတီများမှ အရာရှိများသည် ယင်းသတ်မှတ်ချက်တွင် ပါဝင်နိုင်သည်။ နိုင်ငံ၏ အရေးအရာများတွင် လွှမ်းမိုးမှု ရှိနေသေးသည်ဆိုပါက အရာရှိဟောင်းများကိုလည်း PEPs အဖြစ်သတ်မှတ်နိုင်သည်။ ဖော်ပြမည့် မိသားစု အဖွဲ့ဝင်များတွင် သွေးတော်စပ်သူ၊ လက်ထပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် တော်စပ်လာသူများနှင့် မိသားစု အဂန်းအပိုင်း အပြင်ဘက်မှ ဂမ်းကွဲတော်စပ်သူများအထိ ပါဝင်နိုင်သည်။ ဆက်နွယ်မှုဟုဆိုရာတွင် လုပ်ငန်းအရ၊ ပုဂ္ဂိုလ်ရေးအရ ဆက်နွယ်မှုများ ပါဝင်နိုင်သည်။ [၈]

သဘာဝသယံဇာတ လုပ်ကွက်များချထားပေးရာတွင် အကြီးမားဆုံး အကျင့်ပျက် လာဘ်စားမှုဖြစ်စဉ်များသည် PEPs များနှင့်

ဆက်နွယ်လျက်ဖြစ်ပေါ်လေ့ရှိပြီး နိုင်ငံ၏ ပြဿနာကြီးများအနက် တခုအပါအဝင်ဖြစ်သည်။ မိမိအကျိုးအမြတ် ရရှိရေးအတွက်သာ ရည်ရွယ်ပြီး သဘာဝသယံဇာတ လုပ်ကွက်များကို မိမိဖာသာ ( တိုက်ရိုက် သို့မဟုတ် မိသားစု ဝင်များ၊ နီးစပ်ရာ အပေါင်းအသင်းများမှ တဆင့်) အလွယ်တကူ သတ်မှတ်ယူခြင်းမှာ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ PEPs များသည် သဘာဝသယံဇာတ တူးဖော်ရာမှ ရရှိလာသည့် ပြည်သူ့ဘဏ္ဍာငွေများကို တဖက်လှည့်သုံးနိုင်ရန် အဆက်အသွယ်များ ရှိနိုင်သည်။ သို့မဟုတ် ယင်းငွေများကို လှည့်ပတ်သုံးစွဲနိုင်သည့် အရာရှိများနှင့် နီးကပ်သည့် ဆက်ဆံရေးများရှိနိုင်သည်။ ယင်းအခွင့်အလမ်းများကို ၎င်းတို့ ကိုယ်ကျိုးအတွက် အသုံးချသွားမည့်ကိစ္စမှာ များစွာဖြစ်နိုင်ချေရှိသည့် ကိစ္စဖြစ်သည်။ အကျိုးဆက်အနေဖြင့် အခြားသော အကျိုးခံစားသူ ပိုင်ရှင်များ ဖွင့်ပြခြင်းဆိုင်ရာ အနိမ့်ဆုံးသတ်မှတ်ချက်မည်မျှပင် သတ်မှတ်ထားသည်ဖြစ်စေ အမှန်တကယ် အကျိုးခံစားသူ ပိုင်ရှင်သည် PEP လည်းဖြစ်သည်ဆိုပါက ကုမ္ပဏီအနေဖြင့် မဖြစ်မနေဖွင့်ပြရန် လိုအပ်မည်ဖြစ်သည်။

## အဆင့် ၂။ ။ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူများ သတင်း အချက်အလက် ဖော်ထုတ်ရေးနှင့် ပတ်သက်ပြီး သဘောတူညီ မှုရယူရန်

ကုမ္ပဏီတခု၏ အကျိုးခံစားသူ ပိုင်ရှင်များ အမည်များ ထုတ်ပြန်ခြင်းသည် လုံလောက်မှု မရှိပါ။ ပိုင်ရှင်တဦးချင်းစီအလိုက် ပတ်သက်သည့်အကြောင်းအရာများကို အလုံအလောက် ပူးတွဲဖော်ပြနိုင်ရန် အရေးကြီးသည်။ ကုမ္ပဏီ၏ ရှေ့ခရီးတွင် ၎င်းတို့၏ အကျိုးစီးပွား အလားအလာများကို နားလည်နိုင်ရန် အပြည့်အစုံဖော်ပြထားရမည်။ မြန်မာနိုင်ငံတွင် နာမည်တူများလှသောကြောင့် လူပုဂ္ဂိုလ် အကြောင်းအရာဖော်ပြရာတွင် မည်သူမည်ဝါဖြစ်သည်ကို ခွဲခြားဖော်ပြရန် အရေးကြီးသည်။

ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ ထုတ်ပြန်ရန် တိုက်တွန်းလိုပါသည်။

### အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ

အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ တဦးတယောက်ချင်းစီ၏ အမည်အပြည့်အစုံ ဖော်ပြပေးရမည်။ မြန်မာနိုင်ငံအခြေအနေအရ အကျိုးခံစားသည့် ပိုင်ရှင်များအသုံးပြုသည့် အခြားအမည်ကွဲများကို ဖော်ပြရန်လည်း အရေးကြီးသည်။

### နိုင်ငံရေးအရ ဆက်စပ်သူများ၏ အမည်နှင့် အခန်းကဏ္ဍ

အကျိုးခံစားခွင့်ရှိသည့် ပမာဏမည်မျှပင် ရှိစေကာမူ နိုင်ငံရေးအရ ဆက်စပ်မှုရှိသူများ၏ အချက်အလက်များဖော်ပြရာတွင် မည်သည့်အတွက်ကြောင့် နိုင်ငံရေးနှင့်ဆက်စပ်မှု ရှိနေရသည့်အကြောင်း အသေးစိတ်ကိုပါ ထည့်သွင်းလျက် ဖွင့်ပြသင့်သည်။ နာမည်လွှဲများ ရှိပါကလည်း ထည့်သွင်းဖော်ပြသင့်သည်။

### အသေးစိတ်အချက်အလက်များဖော်ထုတ်ခြင်း

ပုဂ္ဂိုလ်တဦးချင်းစီအလိုက် အသေးစိတ်အချက်အလက်များဖြင့် ထပ်မံခွဲခြားနိုင်သည်။ မြန်မာနိုင်ငံအနေအထားအရ ရွေးကောက်ပွဲများနှင့်၊ ကုမ္ပဏီမှတ်တမ်းများအတွက် အမျိုးသား မှတ်ပုံတင်နံပါတ်ကို အများအားဖြင့် အသုံးပြုကြသည်။ မြန်မာနိုင်ငံမှ အကျိုးခံစားခွင့်ရှိ ပိုင်ရှင်တိုင်းသည် အမျိုးသားမှတ်ပုံတင်နံပါတ်ကို ဖွင့်ပြသင့်သည်။ (အမျိုးသားမှတ်ပုံတင် တခုထက်ပို၍ရှိပါက ရှိသမျှနံပါတ်အားလုံးကို ဖော်ပြရမည်။)

ဖွင့်ပြရန်လိုအပ်သည့် အခြားသော အသေးစိတ်အကြောင်းအရာများ သတ်မှတ်ရန်လည်း MEITI အနေဖြင့် စဉ်းစားနိုင်သည်။ ၂၀၁၆ ခုနှစ် EITI စံသတ်မှတ်ချက် အခန်း ၂.၅ အရ နိုင်ငံသား၊ နေထိုင်ရာ နိုင်ငံတို့ကို ဖော်ပြရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေး နံပါတ်၊ မွေးနေ့၊ လုပ်ငန်းနေရာ သို့မဟုတ် နေအိမ်လိပ်စာ၊ ဆက်သွယ်ရမည့် နည်းလမ်းများ ဖော်ပြရန်လည်း တိုက်တွန်းထားသည်။

## ထိန်းချုပ်စီမံသည့် ပုံစံ

အကျိုးခံစားခွင့်ရှိ ပိုင်ရှင်အနေဖြင့် ပိုင်ဆိုင်မှုကို မည်သို့ပုံစံဖြင့် အသုံးပြုသည်နှင့်/သို့မဟုတ် ကုမ္ပဏီကို မည်သို့ ထိန်းချုပ်နေသည် နှင့်/သို့မဟုတ် ကုမ္ပဏီလုပ်ငန်းများမှ မည်သို့ အကျိုးအမြတ်များရရှိနေသည် တို့ကို ဖော်ပြရမည်။ ဥပမာအားဖြင့် အမှန်တကယ် အကျိုးခံစားခွင့်ရှိသူက နောက်မှကြိုးကိုင်ထားသည့် လုပ်ငန်းအစုကြီးအဖြစ် လည်ပတ်နေသည်ဆိုပါက ကြားခံကုမ္ပဏီများ တခုခြင်းစီ၏ အမည်များကို ဖော်ပြရမည်။ အလားတူပင် ဇနီးဖြစ်သူက ခင်ပွန်းသည်ကိုယ်စား ရှယ်ယာများကို စီမံသည်ဆိုပါက ခင်ပွန်းသည်သည်သာ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာရမည်။ ခင်ပွန်းသည်သည် ကုမ္ပဏီကို မည်သို့မည်ပုံထိန်းချုပ်နေသည်ကို ရှင်းပြရန်အတွက် ဇနီးသည်၏ အမည်ကို ဖော်ပြရမည်။

## မှန်ကန်ကြောင်း ထုတ်ပြန်ကြေညာချက်

အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ကြေညာချက်သည် ပြည့်စုံပြီး မှန်ကန်ကြောင်းကို ကုမ္ပဏီ၏ အကြီးတန်း စီမံအဖွဲ့ဝင်တဦး သို့မဟုတ် အကြီးတန်း ဥပဒေအကြံပေးအဖွဲ့ဝင်တဦးမှ လက်မှတ်ထိုး ထောက်ခံထုတ်ပြန်သင့်သည်။ ထုတ်ပြန်ကြေညာရန် ပျက်ကွက်သည့် ကုမ္ပဏီများ သို့မဟုတ် မပြည့်မစုံ သို့မဟုတ် အချက်အလက် အမှားများ ထုတ်ပြန်သည့် ကုမ္ပဏီများအတွက် ချမှတ်မည့် ပြစ်ဒဏ်များကိုလည်း တပါတည်း စဉ်းစားသင့်သည်။

## အဆင့် ၃ ။ ။ ရေတို ရေရှည် ကာလအလိုက် ဖွင့်ပြမည့် အတိုင်းအတာ သတ်မှတ်သဘောတူခြင်း

ကုမ္ပဏီတခုအနေဖြင့် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု အချက်အလက်များကို EITI လုပ်ငန်းစဉ်မှတဆင့် ဖွင့်ပြရန် လို မလိုကို MEITI အနေဖြင့် ဆုံးဖြတ်ရန်လိုသည်။ ယင်းသတ်မှတ်၏ အဓိပ္ပာယ်သက်ရောက်မှုသည် အလွန်ကျယ်ပြန့်ပြီး MEITI အနေဖြင့် တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသာမက အခြားကုမ္ပဏီများကိုပါ လုပ်ငန်းစဉ်အတွင်း ဆွဲသွင်းစစ်ဆေးသည့် လမ်းကြောင်းကိုလည်း ရွေးချယ်နိုင်သည်။

နောက်တကြိမ်ထွက်မည့် MEITI အစီရင်ခံစာတွင် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ဖွင့်ပြမှုများပြုလုပ်ရန် ရည်ရွယ်ထားသည်ဆိုပါက မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်မည်နှင့်ပတ်သက်ပြီး ရေတိုရည်မှန်းချက် ချမှတ်ရန် လိုအပ်မည် ဖြစ်သည်။

ဖြစ်နိုင်သည့် နည်းလမ်းတခုမှာ MEITI အနေဖြင့် ရှောင်တခင် ချဉ်းကပ်သည့်ပုံစံကို အသုံးပြုရန်ဖြစ်သည်။ သတ်မှတ်ထားသည့် နေရာများတွင် ဂင်ရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီများ၏ အကျိုးခံစားခွင့်ရှိ ပိုင်ရှင်များ၏ အမည်များ ဖော်ထုတ်ခြင်းဖြင့် စတင်နိုင်သည်။ ဥပမာ ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်း လုပ်ငန်းများတွင် ဆောင်ရွက်နေသည့် လုပ်ငန်းကြီးများ၏ ပိုင်ရှင် အစစ်အမှန်များ၏ အချက်အလက်များ ဖော်ထုတ်ခြင်းဖြစ်သည်။ ယင်းအချက်အလက်များကို ၂၀၁၇ MEITI အစီရင်ခံစာတွင် ထည့်သွင်းနိုင်သည်။

MEITI မှ သဘောတူ သတ်မှတ်ထားသည့် ကိစ္စများ ဆက်လက်အကောင်အထည် ဖော်နိုင်ရန်အတွက် ဖွင့်ပြဖော်ထုတ်သည့် လုပ်ငန်းစဉ်များကို တိုးချဲ့နိုင်သည်။ ၂၀၁၆ EITI စံသတ်မှတ်ချက်အရ တူးဖော်ရေးလုပ်ကွက် လျှောက်ထားသည့် ကုမ္ပဏီတိုင်းသည် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု အချက်အလက်များဖွင့်ပြရမည်ဖြစ်သည်။ (လျှောက်ထားမှု မအောင်မြင်သည့်သူများလည်း ဖွင့်ပြမှုများ ပြုလုပ်ရမည်ဖြစ်သည်။) သို့မဟုတ် ၂၀၂၀ မတိုင်မီ တူးဖော်ရေးလုပ်ငန်းဆောင်ရွက်မည့်၊ ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများ၏ ပိုင်ရှင် အစစ်အမှန်ဆိုင်ရာ အချက်အလက်များ ဖော်ပြရမည်ဖြစ်သည်။ EITI စံသတ်မှတ်ချက်အရ ယင်းကုမ္ပဏီများ၏ အကျိုးအမှန်တကယ် ခံစားနေသည့် ပိုင်ရှင်အစစ်အမှန်များဆိုင်ရာ အချက်အလက်များကို ၂၀၂၀ ခုနှစ်အမီ တင်ပြရမည်ဖြစ်သောကြောင့် MEITI မှ ဆောင်ရွက်မည့် ဖွင့်ပြရေးလုပ်ငန်းစဉ်များသည် ယင်းသတ်မှတ်ချက်နှင့် စည်းဝါးကိုက် ဆောင်ရွက်ရမည်ဖြစ်သည်။

အမှန်တကယ် အကျိုးခံစားသည့် ပိုင်ဆိုင်မှု ဖွင့်ပြခြင်းကို အကျယ်တဝင့် လုပ်ဆောင်သွားရန် စီစဉ်သင့်သည်။ တူးဖော်ရေး ကဏ္ဍတွင် ကုန်ကြမ်း၊ ကုန်ချော ကိစ္စအရပ်ရပ်တွင် ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများ ဥပမာ လူသုံးကုန်ရောင်းဝယ်သူများမှ အစ၊ မြန်မာနိုင်ငံတွင် လည်ပတ်နေသည့် ကုမ္ပဏီများအားလုံး (တွင်းထွက် ကဏ္ဍကုမ္ပဏီများ သာမက အခြားလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများပါ) ၏ အစစ်အမှန်ပိုင်ရှင်များ ဖော်ထုတ်ရေးထိ ချဲ့ထွင်ဆောင်ရွက်နိုင်သည်။

## အဆင့် ၄။ ။ အချက်အလက်စုဆောင်းရန် လုပ်ငန်းစဉ်နှင့် အချိန်သတ်မှတ်ခြင်း

မည်ကဲ့သို့သော အချက်အလက်များ၊ မည်သည့် ကုမ္ပဏီများအနေဖြင့် အမှန်တကယ် အကျိုးခံစားရှိသူ အချက်အလက်ကို ထုတ်ဖော်ရမည်ဟု MEITI အနေဖြင့် သဘောတူ ဆုံးဖြတ်ပြီးပါက (ဆိုလိုသည်မှာ ၂၀၁၇ EITI အစီရင်ခံစာအတွက်) အချက်အလက် စုဆောင်းခြင်းများ စတင်နိုင်ပြီဖြစ်သည်။

အချက်အလက်တောင်းခံမည့်ပုံစံကို MEITI အနေဖြင့် သဘောတူသတ်မှတ်ရန် လိုအပ်သည်။ ဖြစ်နိုင်ချေတခုမှာ ကုမ္ပဏီများ အလွယ်တကူဖြည့်ပေးနိုင်သည့် အွန်လိုင်းပုံစံတခု တည်ဆောက်ခြင်းဖြစ်သည်။ ယင်းနည်းလမ်းကို အမှန်တကယ် အသုံးပြုခဲ့သည်ဆိုပါက အင်တာနက် အလွယ်တကူမရနိုင်သည့် ဒေသမှ ကုမ္ပဏီများနှင့်/သို့မဟုတ် အမှန်တကယ် အကျိုးခံစားရသည့် ပိုင်ရှင်များအတွက် အခြားအလုပ်ဖြစ်မည့် နည်းလမ်းများကို MEITI အနေဖြင့် ကြိုတင်စဉ်းစားထားရမည်ဖြစ်သည်။

ရေတိုအတွက်ဆိုလျှင် အချက်အလက်စုဆောင်းရေးလုပ်ငန်းစဉ်များကို ၂၀၁၇ EITI အစီရင်ခံစာအတွက် ခန့်အပ်ထားသည့် အုပ်ချုပ်စီမံသူ၏ တာဝန်အောက်သို့ ထည့်သွင်းထားနိုင်သည်။ အချက်အလက်စုစည်းခြင်း လုပ်ငန်းစဉ် စနစ်တကျ ဖြစ်ပေါ်စေရန်အတွက် လုံလောက်သည့်အချိန်နှင့် ပံ့ပိုးမှုများပြင်ဆင်ထားရန်မှာ အရေးကြီးသည်။

အချက်အလက် စုစည်းရာတွင် ပုံစံဖြည့်ခိုင်းခြင်းနည်းလမ်းတခုတည်းဖြင့် လုံလောက်မှု မရှိကြောင်း Global Witness မှ ၂၀၁၄ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သည့် အမှန်တကယ် အကျိုးခံစားနေသည့် ပိုင်ဆိုင်မှု ဖော်ထုတ်ရေးစီမံကိန်း အတွေ့အကြုံ အရသိရှိရသည်။ နောက်ဆက်တွဲ သတင်းလိုက်ရန်အတွက် အချိန်နှင့် ရင်းမြစ်များ ပံ့ပိုးပေးရန်လိုသည်။ ကုမ္ပဏီများအနေဖြင့် ရှင်းတမ်းထုတ်ပြန်ရာတွင် လွယ်ကူစေရန် အတွက် စာဖြင့်ရေးသား လမ်းညွှန်ခြင်း၊ ဖုန်းခေါ်ဆိုခြင်း၊ ပုဂ္ဂိုလ်အလိုက်တွေ့ဆုံခြင်းများ ပြုလုပ်ရမည်။

- ပေးပို့လိုက်သည့် အချက်အလက်ဖြည့်သွင်းရန်ပုံစံသည် ကုမ္ပဏီသို့ အမှန်တကယ်ရောက်ရှိပြီး၊ ကုမ္ပဏီကိုယ်စားပြု ဖြေရှင်းနိုင်သည့် အခွင့်အာဏာရှိ ကုမ္ပဏီ အရာရှိမှ တွေ့ရှိခြင်းရှိမရှိ၊
- ပေးပို့ထားသည့် အချက်အလက် တောင်းခံလွှာကို ကုမ္ပဏီများမှ အသေအချာ နားလည်စေရန်၊ ကုမ္ပဏီမှ မေးမြန်းချက်များကို အလျင်အမြန်ပြန်လည်တုံ့ပြန်ပေးနိုင်ရန်၊
- အချက်အလက် နောက်ဆုံးထားပေးပို့ရမည့် အချိန်သတ်မှတ်ချက်ကို ကုမ္ပဏီမှ နားလည်စေရန်၊ သတ်မှတ်ချိန်အတွင်း ပေးပို့နိုင်ခြင်းမရှိပါက သင့်တော်သည့် အချိန်နောက်ဆုတ်သတ်မှတ်ပေးရန်
- ကုမ္ပဏီများမှ ပေးပို့လာသည့် ရှင်းတမ်းများ ပြန်လည်သုံးသပ်ရန် အချိန်သတ်မှတ်ထားရန်၊ နားလည်မှုလွဲခြင်း သို့မဟုတ် အချက်အလက် တခုနှင့်တခု ကွဲလွဲမှုများရှိလာပါက ကုမ္ပဏီသို့ပြန်လည်အကြောင်းကြားကာ ပြန်လည်ပြင်ဆင်၊ ဖြည့်စွက်စေရန် အစရှိသည်များကို ဖိဖိစီးစီး အချိန်ပေး၊ ငွေကြေးကုန်ကျခံ ဆောင်ရွက်ရန် လိုသည်။

လုပ်ငန်းစဉ်သည် ခက်ခက်ခဲခဲ ရှုပ်ထွေးစွာလုပ်ဆောင်ရမည့် ကိစ္စမဟုတ်ပါ။ ကနဦးပိုင်းတွင် ယင်းကိစ္စရပ်များကို စဉ်းစားထားရန်လိုအပ်သည်ဟုဆိုလိုခြင်းဖြစ်သည်။ အချက်အလက်များ စုဆောင်းရန်အတွက် ငွေကြေးအလုံအလောက်၊ လူအင်အား အလုံအလောက်ရှိရန်လိုအပ်ပြီး အချိန်သတ်မှတ်ချက်မှာလည်း လုပ်ငန်းတာဝန် အလေးအပေါ့နှင့် အချိုးကျရမည်ဖြစ်သည်။ ဥပမာအားဖြင့် အုပ်ချုပ်စီမံသူတဦးအတွက် မြန်မာစကားပြော လက်ထောက်တဦးမှ နောက်ဆက်တွဲသတင်း မေးမြန်းခြင်းများအတွက် ကူညီနိုင်သည်ဆိုပါက များစွာလုပ်ငန်းတွင်ကျယ်မည်ဖြစ်သည်။ အမှန်တကယ် အကျိုးခံစားရသည့် ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူများထံမှ စာဖြင့်ရေးသားထားသည့် လမ်းညွှန်ချက် များရရှိထားသည်ဆိုပါက အချက်အလက် တောင်းခံစာနှင့်အတူ တစ်ပါတည်း ကုမ္ပဏီသို့ ပေးပို့နိုင်မည်ဖြစ်သည်။ ဖွင့်ပြရေးနှင့် ပတ်သက်သည့် မေးခွန်းများဖြေကြားပေးရန် ကျွမ်းကျင်သူများ အသင့်ရှိနေခြင်းကလည်း လုပ်ငန်းတွင်ကျယ်စေမည်ဖြစ်သည်။

အချိန်အတိုင်းအတာနှင့် ပတ်သက်လာပါက ကုမ္ပဏီများထံသို့ ပထမဆုံး တောင်းခံလွှာကို စောနိုင်သမျှ စောပို့ရန် အရေးကြီးသည်။ သို့မှသာ နောက်ဆက်တွဲလိုက်ရန် အချိန်ရမည်ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံရှုပ်ထွေးသည့်ကုမ္ပဏီများ (ပုံမှန်အားဖြင့် အနည်းအကျဉ်းသာရှိ) အနေဖြင့် ၄င်းတို့၏ အမှန်တကယ် အကျိုးအမြတ်ရနေသည့် ပိုင်ရှင်များကို ဖော်ထုတ်ရန် အချိန်ရကြမည်ဖြစ်သည်။

ဖြစ်သင့်ဖြစ်ထိုက်သည်အရဆိုလျှင် အစိုးရသည် သင့်တော်သည့် ဌာနတခုကို ဖွဲ့စည်းပြီး အောက်ဖော်ပြပါ အချိန်အခါများတွင် အမှန်တကယ်အကျိုးခံစားနေသည့် ပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက်များကို စုစည်း၊ ထုတ်ပြန် သွားရမည်ဖြစ်သည်။

- ပထမဆုံး လုပ်ငန်းစတင်ချိန်
- နှစ်ပတ်လည် အစီရင်ခံစာ တင်သွင်းချိန်
- တူးဖော်ခွင့်လိုင်စင် သို့မဟုတ် အခြား ပြည်သူ့အမများနှင့်ဆိုင်သည့် လုပ်ငန်းများ လျောက်ထားသည့်အချိန်
- အစိုးရနှင့် တူးဖော်ရေးလုပ်ကွက် သဘောတူညီချက် ရသည့်အချိန်၊ ဥပမာ လိုင်စင်ဂယ်ယူခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခွင့် သဘောတူညီချက်ရယူခြင်း
- အကျိုးခံစားခွင့် ပိုင်ဆိုင်မှု အပြောင်းအလဲ တစုံတရာပြုလုပ်ခြင်း (အပြောင်းအလဲပြုလုပ်ပြီးနောက် သင့်တော်သည့် အချိန် သတ်မှတ်ချက်တခုအတွင်း အချက်အလက်များကို တင်ပြထုတ်ပြန်သင့်သည်။ မှတ်တမ်းဟောင်းများကိုလည်း ဆက်လက် ထိန်းသိမ်းထားရမည်)

လက်ရှိ ကုမ္ပဏီမှတ်ပုံတင် ကိစ္စရပ်များကို စီမံနေသည့် မြန်မာနိုင်ငံအတွက်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီညွှန်ကြားမှု ဌာန ကဲ့သို့သော ဌာနမှ ယင်းကိစ္စကိုကိုင်တွယ်နိုင်သည်။ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု အချက်အလက်များ တောင်းခံစုစည်းရာတွင် DICA ၏ ဥပဒေကြောင်းအရ၊ နိုင်ငံရေးအရ လုပ်ပိုင်ခွင့် အာဏာများ အတားအဆီးမရှိ ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်းရှိမရှိကို MEITI အနေဖြင့် စောင့်ကြည့်ရမည်။ အခက်အခဲများ ရှိသည်ဆိုပါက ထိုအခက်အခဲများပြေလည်စေရန် တည်ဆဲဥပဒေများပြင်ဆင်ခြင်း ပြုလုပ်ရန် လိုအပ်ပြီး DICA ကို လိုအပ်သည့် အခွင့်အာဏာများ ပေးအပ်ထားရမည်။

လက်ရှိပြုလုပ်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ဖွင့်ပြရေး ရေရှည်လုပ်ငန်းအစီအစဉ်များကို အထောက်အကူဖြစ်စေမည့် ဥပဒေအခင်းအကျင်းများကို ပေါ်ပေါက်စေသည်။ အထူး သဖြင့် သတ္တုတွင်းနည်းဥပဒေဖြင့် အဓိက ထောက်ပံ့ပေးသည်။

## အဆင့် ၅။ ။ အချက်အလက် အတည်ပြုနိုင်ရေးအတွက် အလုပ်တွင်ကျယ်မည့် နည်းလမ်းရှာဖွေခြင်း

အမှန်တကယ် အကျိုးခံစားနေရသည့် ပိုင်ရှင်များ အချက်အလက်နှင့်ပတ်သက်ပြီး ကုမ္ပဏီများမှ အမှန်တကယ် ပွင့်လင်း မြင်သာစွာ တင်ပြမည်ဆိုသည်မှာ မဖြစ်နိုင်သည့် ကိစ္စဖြစ်သည်။ အချို့ကုမ္ပဏီများမှာ အပြည့်အဝ လိုက်နာကူညီကြရန်မှာ မဖြစ်နိုင်ပါ။ အထူးသဖြင့် ဖွင့်ပြရေးကို ဆန္ဒအလျောက် ဆောင်ရွက်နိုင်သည်ဟု သတ်မှတ်ထား သည့် အခြေအနေမျိုးတွင် ပို၍ခက်ခဲနိုင်သည်။[၉] MEITI အနေဖြင့် ကုမ္ပဏီများ တင်ပြလာသည့် ရှင်းတမ်းများကို ပြန်လည်စစ်ဆေးရန် နည်းလမ်းများ ရှာဖွေထားရမည်။

- အချက်အလက်စုစည်းသူများအနေဖြင့် ရရှိလာသည့် အချက်အလက်များကို အလွယ်တကူ ရရှိနိုင်သည့် စာတမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း (လုပ်ငန်းမှတ်တမ်း ဖိုင်တွဲ၊ ဘဏ်နှင့် ဥပဒေ အစီရင်ခံစာများ)
- ရှင်းတမ်းတင်ပြရာတွင် လက်မှတ်ထိုးထားသည့်၊ အတည်ပြုစာ သို့မဟုတ် နိုတြီများပူးတွဲတင်ပြရန် သတ်မှတ်ခြင်း
- ဆက်စပ် စာရွက်စာတမ်းများဖြစ်သော ဖွဲ့စည်းပုံ၊ ရှေ့နေလွှဲစာ သို့မဟုတ် ရှယ်ယာရှင်များ စာရင်းများ တောင်းယူခြင်း
- အခြေအနေပေးပါက နိုင်ငံရေးသမားများမှ ဖွင့်ပြထားသည့် ၄င်းတို့ ပိုင်ဆိုင်မှုများနှင့် ပိုင်ဆိုင်မှုအနေအထား အချက်အလက် များကို တိုက်ဆိုင်စစ်ဆေးပြီး ကုမ္ပဏီများမှ PEPs များ၏ ပိုင်ဆိုင်မှုများ အမှန်တကယ်တင်ပြမှုရှိစေရန် ဆောင်ရွက်ခြင်း [၁၀]
- အချက်အလက်စုစည်းသူများအား ကုမ္ပဏီများကို ကျပန်းရွေးချယ်ပြီး အတွင်းကျကျ စစ်ဆေးမှုများပြုလုပ်စေခြင်း
- ကုမ္ပဏီတခု၏ ပိုင်ဆိုင်မှု ရှင်းတမ်းနှင့်ပတ်သက်ပြီး ယုံကြည်ရလောက်သည့် ဝေဖန်မှုများရှိလာသည့်အခါ ယင်းကုမ္ပဏီနှင့် ပတ်သက်သည်များကို အသေးစိတ် ပြန်လည်စစ်ဆေးခြင်းကဲ့သို့သော လုပ်ငန်းစဉ်များစဉ်းစားပြင်ဆင်ထားရန်လိုအပ်သည်။

## အဆင့် ၆။ ။ အချက်အလက်များကို အလွယ်တကူရယူနိုင်ရန် ထုတ်ပြန်ခြင်း

EITI လုပ်ငန်းစဉ်မှတဆင့်ပေါ်ထွက်လာသည့် အမှန်တကယ် အကျိုးခံစားနေရသူများ ပိုင်ဆိုင်မှု ရှင်းတမ်းများကို အများ ပြည်သူ အပြည့်အဝ လေ့လာနိုင်စေရန် ဖွင့်ပြသင့်သည်။ သို့မှသာ နိုင်ငံသားအားလုံး တူးဖော်ရေးကဏ္ဍတွင် အာရုံစိုက်မိလာမည် သို့မဟုတ် ကုမ္ပဏီတခု၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆန်းစစ်ရာတွင် ယင်းအချက်အလက်များကို အလွယ်တကူ အသုံးပြု နိုင်မည်ဖြစ်သည်။

၂၀၁၇ EITI အစီရင်ခံစာအတွက် စုစည်းထားသည့် အချက်အလက်များ အားလုံးစနစ်တကျဖြစ်စေရန် MEITI မှ ဆောင်ရွက်ရမည်ဖြစ်ပြီး ရေရှည်တွင် အောက်ပါကိစ္စများကိုလည်း ဆက်လက် ဆောင်ရွက်သွားရန်ဖြစ်သည်။

- အင်တာနက်ပေါ်တွင်တင်ထားပြီး အသုံးပြုသူများအနေဖြင့် မှတ်ပုံတင်ရန်မလိုပဲ ရယူနိုင်စေရန်
- အခမဲ့ ရယူနိုင်ရန်
- ဓါတ်ပုံ သို့မဟုတ် pdf အနေဖြင့်သာတင်ခြင်းမဟုတ်ပဲ လိုအပ်သည့် အချက်အလက်ကို စက်ဖြင့်အလွယ်တကူရှာဖွေနိုင်ရန် ပြင်ဆင်ပြီး အင်တာနက်တွင် ဖြန့်ရန်။

MEITI အနေဖြင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့်ပုံစံ ဖြစ်သော (International Open Data Charter [၁၁]) ကို ကိုးကားနိုင်သည်။ ယင်းတွင် အချက်အလက်များ ဖြန့်ဝေခြင်းအတွက် အကောင်းဆုံးနည်းလမ်းများကို ဖော်ပြထားသည်။

ရေရှည်တွင် အချက်အလက်များကို မည်ကဲ့သို့ အကောင်းဆုံးအသုံးချမည်နှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားရန်လိုသည်။ EITI စံသတ်မှတ်ချက်များအရ ဖွင့်ပြမှုများကို အစိုးရနှင့် ကုမ္ပဏီများ၏ စနစ်များတွင် တပါတည်း ပေါင်းစပ်ရန် အားပေးထားသည်။ မြန်မာအနေနှင့်လည်း အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှုဖွင့်ပြရေးတွင် ယင်းနည်းလမ်းကို အသုံးပြုသင့်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင်လည်း DICA က စီမံနေသည့် အွန်လိုင်းဖြင့် ကုမ္ပဏီ မှတ်တမ်းပြုစုခြင်း စနစ်ရှိနေပြီဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများ၏ လုပ်ကွက်တည်နေရာများ ပြသသည့် စနစ်ကိုအကောင်အထည်ဖော်လျက်ရှိသည်။ အနာဂတ်တွင် သတ္တုတွင်းကဏ္ဍ၌လည်း ယင်းကဲ့သို့ မှတ်ပုံတင် သို့မဟုတ် နေရာပြစနစ်များကို အသုံးပြုကောင်းပြုလာနိုင်သည်။ မြန်မာနိုင်ငံမှ တွင်းထွက်တူးဖော်ရေး ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာလိုသူများ ရှိလာပြီဖြစ်သည်။ EITI ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ဆိုင်မှု ရှင်းတမ်းများသည် မှတ်ပုံတင်များစာရင်း၊ လုပ်ကွက်စာရင်းများတွင် မည်သို့ ပူးပေါင်းနိုင်မည်ကို MEITI အနေဖြင့် ယင်းကဲသို့အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများစတင်ပြုလုပ်သင့်သည်။

နိုင်ငံတကာအဆင့်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်းကို လက်ရှိအကောင်အထည်ဖော်လျက်ရှိသည်။ အချက်အလက်များ ထပ်မံပေါင်းစပ်သွားခြင်းဖြင့် နိုင်ငံအသီးသီးသို့ ဖြန့်ကျက်လုပ်ကိုင်နေသည့် ကုမ္ပဏီ အကြောင်း၊ အချိတ်အဆက်များ အကြောင်း၊ ပေါ်ပေါက်လာနိုင်သည့် ပြဿနာများ၊ အမှန်တကယ် ဖြစ်ပေါ်နိုင်သည့် အကျိုးစီးပွား တိုးတက်မှုများ၊ လာဘ်စားမှုများကို လေ့လာလိုသူများအတွက် GBOR စနစ်သည်များစွာ လွယ်ကူစေမည်ဖြစ်သည်။ GBOR စနစ်ကျင့်သုံးခြင်းဖြင့် ကုမ္ပဏီများ အဖို့လည်း ၄င်းတို့၏ ပိုင်ရှင်အစစ်အမှန်အချက်အလက်များ တင်ပြရာတွင် လွယ်ကူလာမည်ဖြစ်ပြီး ယင်းအချက်အလက်များ စုစည်းရမည့် အာဏာပိုင်များအတွက်လည်း လွယ်ကူစေမည်ဖြစ်သည်။ အကျိုးခံစားနေသည့် ပိုင်ရှင်အစစ်အမှန် ဖွင့်ပြခြင်း လုပ်ငန်းစဉ် နှင့် GBOR မည်သို့ချိတ်ဆက်နိုင်မည်ကို MEITI အနေဖြင့် စဉ်းစားသင့်သည်။

## အဆင့် ၇။ ။ တွင်းထွက်ကဏ္ဍ အုပ်ချုပ်စီမံမှု တိုးတက်စေရန် အလေးပေးဆောင်ရွက်ခြင်း။

မြန်မာအစိုးရ၊ တာဝန်ရှိ ကုမ္ပဏီများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများအနေဖြင့် အကျိုးခံစားနေသည့် ပိုင်ရှင် အစစ်အမှန်သတင်းအချက်အလက်များကို စုံစမ်းစစ်ဆေးခြင်းများ သို့မဟုတ် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် အခြားသော စာရင်းများနှင့် ပေါင်းစပ်ပြီး အကျိုးသွားပို၍ထက်မြတ်စေရန် ဆောင်ရွက်နိုင်သည်။

အစိုးရအနေဖြင့် အကျိုးခံစားနေသည့် ပိုင်ရှင်အစစ်အမှန် ပွင့်လင်းမြင်သာစွာ ဖော်ထုတ်ရေးကို ဥပဒေများ၊ စနစ်များတွင် တရားဝင် ထည့်သွင်းလိုက်သည်ဆိုပါက အကျိုးခံစားရသည့် ပိုင်ဆိုင်မှု အချက်အလက် အမှားတင်ပြသူများကို ကုမ္ပဏီမှတ်ပုံတင်ရုတ်သိမ်းခြင်း၊ လိုင်စင် သို့မဟုတ် စာချုပ်ဖျက်သိမ်းခြင်း၊ စာချုပ်သက်တမ်းမစေ့မီ ရပ်တန့်စေခြင်းများဖြင့် ကြတ်မတ်နိုင်တော့မည်ဖြစ်သည်။[၁၃]

အတွေ့အကြုံရှိသော စုံစမ်းစစ်ဆေးရေးမှူးများအဖို့ အွန်လိုင်းမှ လုပ်ငန်းမှတ်ပုံတင်များ၊ လူမှုရေး ဆိုက်ဒ်များ၊ သတင်းစာများ၊ ကုန်သွယ်ရေးစာစောင်များ၊ မြေယာနှင့် အခြားပိုင်ဆိုင်မှု မှတ်တမ်းများ၊ နေရပ်လိပ်စာ၊ IP လိပ်စာ၊ တရားရုံးမှတ်တမ်း၊ ငွေဝင်ငွေထွက်မှတ်တမ်းများ၊ ဂယ်ယူရေး ဝက်ဘ်ဆိုက်ဒ်၊ စာချုပ်မှတ်တမ်းများ၊ ပိတ်ပင်ထားသည့် စာရင်းများ၊ EITI နှင့် အရပ်ဖက် လူ့အဖွဲ့အစည်း အစီရင်ခံစာများကို လေ့လာပြီး လူအမည်၊ ကုမ္ပဏီနှင့် အပြောင်းအလဲများကို ပုံဖော်နိုင်သည်။ ယင်းအချက်များရှိပါက အချိတ်အဆက်များ၊ အကျိုးစီးပွားတိုးတက်မှုများ၊ လာဘ်စားမှုများ၊ တရားမဝင် လုပ်ငန်းဆောင်ရွက်များ ဖော်ထုတ်ရာတွင် ပို၍ လွယ်ကူစေမည်ဖြစ်ပြီး စိစစ်မှုကို ထိရောက်စေမည်ဖြစ်ကာ တူးဖော်ရေးကဏ္ဍ အုပ်ချုပ်စီမံမှုကို ပို၍အားကောင်းစေမည်ဖြစ်သည်။

## MEITI အကျိုးခံစားခွင့်ရှိပိုင်ဆိုင်မှု ဖွင့်ချခြင်း လုပ်ငန်းစဉ်အတွက် နည်းလမ်းများ နှင့် အဆိုပြု အဓိပ္ပာယ်ဖွင့်ဆိုချက်များ

| | |
|---|---|
| အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု | အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူဆိုသည်မှာ ဥပဒေအရစုဖွဲ့ထားသည့် အစုအဖွဲ့တခုပေါ်သို့ အပြည့်အဝထိန်းချုပ်နိုင် သို့မဟုတ် ထိုအစုအဖွဲ့တွင် စီးပွားရေးအကျိုးအမြတ်ကြီးကြီးမားမားရှိနေသူ သို့မဟုတ် ထိုအစုအဖွဲ့မှ စီးပွားရေးအကျိုးအမြတ်အများအပြား ရရှိနေသည့် လူပုဂ္ဂိုလ်ကို ဆိုလိုသည်။ |
| ပိုင်ဆိုင်မှု/ ထိန်းချုပ်မှု ဖွင့်ပြရေး အနိမ့်ဆုံး သတ်မှတ်ချက် | သတ်မှတ်ချက်မထား (အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူ အားလုံး ဖော်ထုတ်မည်) သို့မဟုတ် အလွန်နိမ့်သည့် သတ်မှတ်ချက်ထားမည် သို့မဟုတ် ၅ ရာခိုင်နှုန်းကို အမြင့်ဆုံးသတ်မှတ်ချက်ဖြင့် ၄င်းထက်မပိုစေရန် သတ်မှတ်မည်။ |
| ဖွင့်ပြမည့် အချက်အလက် | • အကျိုးခံစားခွင့်ရှိပိုင်ရှင်(များ) ၏ အမည်အပြည့်အစုံ - အမည်လွဲများရှိပါကထည့်သွင်းရန်။<br>• ကုမ္ပဏီပိုင်ဆိုင်သည့် သို့မဟုတ် ချုပ်ကိုင်ထားသည့် PEP ၏ အမည်နှင့် တာဝန်ကို အကျိုးစီးပွား အနည်းအများ မခွဲခြားပဲ ဖော်ပြရမည်။<br>• အကျိုးခံစားခွင့် ပိုင်ဆိုင်သူ(များ)၏ မွေးနေ့၊ လူမျိုး၊ နိုင်ငံသားစိစစ်ရေးကတ်(မြန်မာနိုင်ငံသားများအတွက်မှတ်ပုံတင်)<br>• ပိုင်ဆိုင်ပုံ သို့မဟုတ် ထိန်းချုပ်ပုံ အကျဉ်းဖော်ပြချက်။<br>• မှန်ကန်ကြောင်းလက်မှတ်ထိုးထားသည့် အထောက်အထား<br>• ဒါရိုက်တာများ၏ အမည်များနှင့် တရားဝင် ရှယ်ယာရှင်များ၏ အချက်အလက်ကဲ့သို့သော အခြားအချက်အလက်များ |
| PEP အဓိပ္ပာယ်ဖွင့် ဆိုချက် | အရေးပါသည့် အများနှင့်ဆိုင်သောလုပ်ငန်းများတွင် ပါဝင်နေသူ၊ ပါဝင်ခဲ့ဖူးသူ၊ ၄င်းတို့ မိသားစုဝင်များ၊ ရင်းနှီးသည့် အပေါင်းအသင်းများ |
| အစီရင်ခံမည့် အတိုင်းအတာ ဖွင့်ပြမည့် လမ်းကြောင်း | • ကောင်း: လေလံအောင်၊ လုပ်ငန်းဆောင်ရွက် သို့မဟုတ် တွင်းထွက်ကဏ္ဍတွင် ရင်းနှီးမြုပ်နှံသည့် ကုမ္ပဏီများ။<br>• ပို၍ကောင်း : တွင်းထွက်တူးဖော်ရေး ကုန်ကြမ်းကုန်ချော ထုတ်လုပ်သည့် ကုမ္ပဏီများ။<br>• အကောင်းဆုံး - တွင်းထွက်တူးဖော်သည့် ကုမ္ပဏီများအပြင် ကုမ္ပဏီအားလုံး<br>• ကောင်း - : EITI အစီရင်ခံစာ<br>• ပို၍ကောင်း - လိုင်စင် မှတ်ပုံတင်<br>• အကောင်းဆုံး - လုပ်ငန်းမှတ်ပုံတင်နှင့် Global Beneficial Ownership Register<br>ဖော်ပြသည့်အခါတိုင်း အချက်အလက်များသည် အင်တာနက်တွင် အခမဲ့ လွတ်လပ်စွာ ရယူနိုင်ရမည် (ဆိုလိုသည်မှာ အပြည့်အစုံကို စက်ဖြင့် ဖတ်ရှုနိုင်ရမည်၊ အချက်အလက်များထုတ်ယူနိုင်သည့် data base ဖြစ်ရမည်။ password ဖြင့် ပိတ်ဆို့ထားခြင်း မရှိရ။အရေးပေါ် ဖြေရှင်းရမည့် လူသားလုံခြုံရေး ကိစ္စများမှလွဲ၍) |
| အချက်အလက် စုစည်း၊ ထုတ်ပြန်မည့် အဖွဲ့အစည်း။ | ၂၀၁၇ EITI အစီရင်ခံစာအတွက် လုပ်ငန်းစဉ်အုပ်ချုပ်ရေးမှူးမှ အချက်အလက်စုစည်းမှုများကို မြန်မာဘာသာ စကားပြောလက်ထောက်အကူအညီနှင့် ဆောင်ရွက်ရမည်။ အမှန်တကယ်အကျိုးခံစားခွင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကျွမ်းကျင်သူများ၏ ပံ့ပိုးမှုများနှင့် ဆောင်ရွက်ရမည်။ ရေရှည် အစီအစဉ်ကို ပြန်လည် ဆုံးဖြတ်ရမည်ဖြစ်သည်။ |
| အချက် အလက် စုစည်းမည့် အချိန်၊ ပြင်ဆင်မည့် အချိန် | ကုမ္ပဏီသည်<br>• လုပ်ငန်းစတင်သည့်အခါ<br>• နှစ်ပတ်လည် အစီရင်ခံစာပြုလုပ်သည့်အခါ<br>• တူးဖော်ခွင့်လိုင်စင် သို့မဟုတ် အများပြည်သူနှင့်ဆိုင်သည့် ကိစ္စအတွက် လေလံလျှောက်ထားသည့်အခါ<br>• အစိုးရနှင့် တူးဖော်ရေးကဏ္ဍ သဘောတူညီချက်ကြီးများများရယူသည့်အခါ<br>• အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်သူအပြောင်းအလဲရှိသည့်အခါ (အပြောင်းအလဲဖြစ်ပြီးနောက် ကျိုးကြောင်းဆီလျော်သည့် အချိန်အတိုင်းအတာတခုအတွင်း) |
| ကိန်းဂဏန်း မှန်ကန်စေရေး ဆောင်ရွက်မှု | • ထုတ်ပြန်ကြေညာချက်သည် မှန်ကန်သည် ပြည့်စုံသည်ဟု စီမံအဖွဲ့မှ အကြီးတန်းအဖွဲ့ဝင်သို့မဟုတ် အကြီးတန်း ဥပဒေအကြံပေးမှ အတည်ပြုလက်မှတ်ရေးထိုးထားပေးသည့် ထုတ်ပြန်ချက်ကို ပူးတွဲပေးရမည်။<br>• အထောက်အထားများကို အပြန်အလှန် စစ်ဆေးရန် အချက်အလက် စုစည်းသူများကို တာဝန်ပေးခြင်း (လုပ်ငန်းမှတ်တမ်းများ၊ ဘဏ် နှင့် ဥပဒေစိုးမိုးရေး အစီရင်ခံစာများ၊ PEP ပိုင်ဆိုင်မှု ဖွင့်ပြထားသည့် မှတ်တမ်းများ)<br>• သက်သေပြအထောက်အထားများဖြစ်သော ဖွဲ့စည်းခွင့်ပုဒ်မ၊ ရှေ့နေလွှဲစာ သို့မဟုတ် ရှယ်ယာရှင် စာရင်းမိတ္တူတို့ကို တောင်းယူပါ။<br>• ကုမ္ပဏီများကို ကျပန်းရွေးချယ်ပြီး စာရင်းစစ်လုပ်ငန်းကို ထဲထဲဝင်ဝင်ဆောင်ရွက်ရန် အချက်အလက် စုစည်းသူများကို တာဝန်ပေးပါ။ ယုံကြည်ရလောက်သည့် သတင်းရပါက ယင်းကုမ္ပဏီကို သီးသန့် ကြပ်မတ်ခြင်း |
| မှားယွင်းခြင်း သို့မဟုတ် မပြည့်စုံခြင်း | • အခြေခံရမည့် EITI သတ်မှတ်ချက်။ : EITI အစီရင်ခံစာတွင် အမှတ်အသားပြထားပါသည်။<br>• အကောင်းဆုံးနည်းလမ်း - : ကုမ္ပဏီ လိုင်စင်၊ စာချုပ် သို့မဟုတ် မှတ်ပုံတင်ရုတ်သိမ်းရန်တောင်းဆိုခြင်း၊ လေလံဝင်ရောက်နိုင်ခြင်းမရှိရန် တားမြစ်ခြင်း။ |

## နောက်ဆက်တွဲလေ့လာရန်

ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက် ကုမ္ပဏီများ၏ အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ဖွင့်ပြရေးနှင့်ပတ်သက်ပြီး အသေးစိတ် လမ်းညွှန်ချက်များအတွက် NRGI ၏ "Owning Up: Options for Disclosing the Identities of Beneficial Owners of Extractive Companies," available at http://www.resourcegovernance.org/analysis- tools/publications/owning-options-disclosing- identities-beneficial-owners-extractive. ကို လေ့လာပါ။

မြန်မာနိုင်ငံ၏ ရေနံ၊ ဓာတ်ငွေ့ကဏ္ဍ အမှန်တကယ်အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ဖွင့်ပြရေးနှင့်ပတ်သက်ပြီး Global Witness က ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် စမ်းသပ်စီမံကိန်း အချက်အလက်များကို "The Shell Starts to Crack?" available at https://www.globalwitness.org/en-gb/reports/ shell-starts-crack/ တွင် လေ့လာနိုင်ပါသည်။

အမှန်တကယ်အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု ဖွင့်ပြရေးနှင့် ပတ်သက်ပြီး EITI ပြဋ္ဌာန်းချက် အသေးစိတ်ကို EITI အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး၏ အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှုဆိုင်ရာ စာမျက်နှာ
(EITI International Secretariat beneficial ownership) https://guide.eiti.org/en/topic/ beneficial-ownership တွင် လေ့လာနိုင်ပါသည်။

ဘင်ကီနာဖာဆို၊ ကွန်ဂို၊ ဟွန်ဒူးရပ်၊ ကီဇက်၊ လိုင်ဘေးရီးယား၊ နိုင်ဂါ၊ နိုင်ဂျီးရီးယား၊ တန်ဇန်းနီးယား၊ တိုဂိုနှင့် ဇမ်ဘီယာ တို့တွင် တရားဝင်ဆောင်ရွက်ခဲ့သည့် စမ်းသပ် စီမံကိန်းများအကြောင်းကို https://eiti. org/pilot-project-beneficial-ownership တွင် လေ့လာနိုင်ပါသည်။

EITI စမ်းသပ်စီမံကိန်းများနှင့်ပတ်သက်ပြီး ဆန်းစစ်မှုများကို

- EITI board report, October 2015, Beneficial ownership pilot evaluation report, available at https://eiti.org/-files/BP/board_paper_30- 4-b_beneficial_ownership_pilot_-_ evaluation_report.pdf.
- Global Witness, March 2015, Assessment of EITI beneficial ownership pilots at https:// www.globalwitness.org/documents/18014/ Beneficial_Ownership_Report_March_24_ FINAL.pdf များတွင် လေ့လာနိုင်ပါသည်။ ကမ္ဘာအနှံ့ဖြစ်ပေါ်နေသည့် အကျင့်ပျက်မှုများ၊ လာဘ်စားမှုများတွင် အမည်ဝှက် အမည်ပုန်းဖြင့် လုပ်ငန်းဆောင်ရွက်နေသူများ၏ ဆောင်ရွက်ပတ်သက်နေမှုများကို အသေးစိတ်လေ့လာလိုပါက Global Witness ၏ အမည်ဝှက် အမည်ပုန်း ကုမ္ပဏီများ အင်တာနက်စာမျက်နှာ https://www.globalwitness. org/en/campaigns/corruption-and-money- laundering/anonymous-company-owners/ တွင် လေ့လာနိုင်ပါသည်။ တင်ပြထားသည့် အကြောင်းအရာများတွင်
- မြေပုံ၊ အမည်ပုံအမည်ဝှက်များဖြင့် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများ၏ ဆောင်ရွက်ချက်များကို ဖော်ပြထားသည့် စာတမ်း။ 'The Great Rip Off: Anonymous Companies and Their Victims', which displays incidents around the world which involve the abuse of anonymous companies. http://greatripoffmap. globalwitness.org/#!/.
- အမည်ပုန်း အမည်ဝှက် ကုမ္ပဏီများ နှိမ်နင်းခြင်းဖြင့် ဒုစရိုက်မှုများကျဆင်းသွားပုံ ဗီဒီယို December 2015 video, "How Exposing Anonymous Companies Could Cut Down on Crime," available at https://www.youtube. com/watch?v=Fy-OVMqAIFw8.
- အမည်ပုန်း အမည်ဝှက် ကုမ္ပဏီများ၏ လာဘ်စားမှု အားပေးပုံ၊ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးတွင် အတားအဆီးဖြစ်စေပုံ ကိုဖော်ပြထားသည့် အစီရင်ခံစာ March 2014 report, "Poverty, Corruption and Anonymous Companies: How Hidden Company Ownership Fuels Corruption and Hinders the Fight Against Poverty," at https://www.globalwitness.org/ sites/default/files/library/anonymous_ companies_03_2014.pdf.
- အမည်ပုန်း အမည်ဝှက် ကုမ္ပဏီများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများအကြောင်း ဖော်ပြထားသည့် ဗီဒီယိုတို့ ပါဝင်သည်။ March 2014 video, The Grin, which helps to explain the problem of anonymous companies. This is available here: https://www.youtube. com/watch?v=N1O97HZev7A.

## မှတ်စု

၂၀၁၆ မေလ လန်ဒန်တွင် ကျင်းပခဲ့သည့် လာဘ်စားမှုတိုက်ဖျက်ရေး ထိပ်သီးအစည်းအဝေးတွင် သဘောတူခဲ့သည့် လာဘ်စားမှုနှင့် ပတ်သက်သည့် အသေးစိတ်အစီအစဉ်များကို https://www.gov.uk/government/publications/anti-corruption-summit-communique တွင် လေ့လာနိုင်ပါသည်။ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသည့် ကုမ္ပဏီပုန်းများ တိုက်ဖျက်ခြင်း တိုးတက်မှုဆိုင်ရာ အချက်အလက်များကို Global Witness, ၏ Anti-Corruption Summit sees bold moves on property and travel, but a glaring blind spot in the tax havens', အစီရင်ခံစာ https://www.globalwitness.org/en/press-releases/ anti-corruption-summit-sees-bold-moves-property-and-travel-glaring-blind-spot-tax-havens/ တွင် လေ့လာနိုင်ပါသည်။

- လုပ်ငန်းစဉ် ၁.၂.၁၂ အဖြစ် သတ်မှတ်ဆောင်ရွက်ရန် MEITI ညှိနှိုင်းပေါင်းအဖွဲ့မှ ၂၀၁၄တွင် အတည်ပြုခဲ့သည့် တရားဝင်လုပ်ငန်းအစီအစဉ်တွင် "တွင်းထွက် ကဏ္ဍတွင် အမှန်တကယ် အကျိုးခံစားခွင့်ရသည့် ပိုင်ဆိုင်မှု အခြေအနေမှန်၊ ဖြစ်ပေါ်နေသည့် အနေအထားများကို လေ့လာသွားရန် (သို့မဟုတ် အတိုင်းအတာ လေ့လာခြင်း (scoping study) တွင် အပြည့်အဝ ဖော်ပြရန် သို့မဟုတ် ထည့်သွင်းရန်)" ဟု ဖော်ပြထားသည်။
- ၂၀၁၆ ခုနှစ် EITI စံသတ်မှတ်ချက် အပြည့်အစုံကို https://eiti.org/files/english_eiti_standard_0.pdf.
- White House, "United States G-8 Action Plan for Transparency of Company Ownership and Control," 2013, available at: http://www. whitehouse.gov/the-press-office/2013/06/18/united-states-g-8-action-plan-transparency-company-ownership-and-control
- စတော့အိတ်ချိန်းဈေးကွက် တင်ထားသည့် ကုမ္ပဏီများအနေဖြင့် ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်အသေးစိတ်ကို ဖွင့်ပြရန်လိုသည်။ ဖွင့်ဆိုချက် သဘောတရားအရ ကုမ္ပဏီ၏ အစိတ်အပိုင်းငယ်များကို ပိုင်ဆိုင်ထားသည့် ပိုင်ရှင်အများအပြား ရှိနေတတ်သည်။ ထို့ပြင် စာရင်းသွင်းထားသည့် ကုမ္ပဏီများသည် EITI ၏ အကျိုးခံစားခွင့်ပိုင်ဆိုင်မှု သတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ရသည်။ စာရင်းပါ ကုမ္ပဏီများ၏ ကုမ္ပဏီခွဲများအနေဖြင့် ၎င်းတို့၏ ပိုင်ရှင်အစစ်အမှန်များနှင့် ပတ်သက်ပြီး တင်ပြရအုံးမည်ဖြစ်သည်။ (ဆိုလိုသည်မှာ စာရင်းပါ ကုမ္ပဏီများက ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သည့် လုပ်ငန်းခွဲများဆိုပါက ယင်းကုမ္ပဏီများ၏ ပိုင်ရှင်အဖြစ် စာရင်းပါ ကုမ္ပဏီကို သတ်မှတ်မည်ဖြစ်သည်) စာရင်းပါ ကုမ္ပဏီ၏ ရှယ်ယာများကို လူတဦးတည်းက ရာခိုင်နှုန်းအများအပြား ပိုင်ဆိုင်ထားသည်ဆိုပါက ယင်းပိုင်ဆိုင်မှု ကြေညာခြင်းမှာလည်း အသုံးဝင်သည်။
- အကွက်ချကြိုတင်ကြံစည်ထားသည့် မှုခင်း နှင့် လာဘ်စားမှု (Organized Crime and Corruuption Project, 'The Moldovan Banking Wars', 26 July 2016; available at https://www.occrp.org/en/ investigations/5494-the-moldovan-banking-wars)
- ကုလသမဂ္ဂ အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ အပိုဒ် ၅၂ United Nations Convention against Corruption (UNCAC), Article 52.
- ခြိုင်နှုန်းနားလည်နိုင်ရန် FATF ၏ "Politically Exposed Persons (Recommendations 12 and 22), 2013, available at: http://www.fatf-gafi.org/ media/fatf/documents/recommendations/guidance-pep-rec12-22.pdf.
- ၂၀၁၄ ဖွန်လတွင် မြန်မာနိုင်ငံမှ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းများ လေ့လာခဲ့ရာ ကုမ္ပဏီ ၄၇ အနက် ၁၃ ခုသာလျှင် အချက်အလက်များ ပံ့ပိုးပေးခဲ့သည်။ ယင်းရလဒ်ဆိုးများကြောင့် မီဒီယာ၏ စိတ်ဝင်စားမှုခံခဲ့ရပြီး ယင်းလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိပါက သိက္ခာကျမည်ကို ကုမ္ပဏီများမှ စိုးရိမ်လာကြပြီး ပါဝင်ရန် ရွေးချယ်လာကြသည်။ ၂၀၁၄ အောက်တိုဘာတွင် အမှန်တကယ် အကျိုးခံစားနေသည့် ပိုင်ဆိုင်မှု အချက်အလက် အပြည့်အဝ ဖွင့်ပြသည့် ကုမ္ပဏီ ၂၅ ခုရှိလာခဲ့သည်။ယင်းအရေအတွက်သည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီကြီး အများစု ဖြစ်သည်။ Global Witness, "The Shell Starts to Crack?" 2014, available at: https://www.globalwitness.org/en-gb/ reports/shell-starts-crack/. ကိုကြည့်ပါ။
- PEP များနှင့် ပတ်သက်သည့် အထောက်အပံ့များနှင့် ပတ်သက်ပြီး WorldBank,"UsingAssetDisclosureforIdentifyingPolitically Exposed Persons," 2012, available at: http://siteresources.worldbank.org/FINANCIALSECTOR/Resources/ Using_AD_for_PEP_ identification.pdf ကိုကြည့်ပါ။
- International OpenData Charter နှင့်ပတ်သက်ပြီး အသေးစိတ်ကို www.opendatacharter.net. တွင် လေ့လာနိုင်ပါသည်။

- ကမ္ဘာလုံးဆိုင်ရာ အမှန်တကယ် အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှု မှတ်ပုံတင်နှင့် ပတ်သက်ပြီး အသေးစိတ် သိလိုပါက GlobalWitness,'New global register sheds light on anonymous companies, a root cause of corrupt, illegal activities', 4 April 2016; available at https://www.globalwitness.org/en/ press-releases/new-global-register-shine-light-anonymous-companies-root-cause-corrupt-illegal-activities/. ကြည့်ပါ။
- ယခင် ဥပမာများအတွက် ကာဇက်စတန် ဥပဒေ ၂၀၁၂ ပြင်ဆင်ချက်ကို ကြည့်ပါ ။ Article 27 of the 2012 amendments to the KyrgyzRepublic's Sub soil Law

Natural Resource Governance Institute

Oil, gas and mining for development

The Natural Resource Governance Institute (NRGI) သည် နိုင်ငံ၏ သဘာဝသယံဇာတများ၏ အကျိုးကို နိုင်ငံသားများအနေဖြင့် အပြည့်အဝ ခံစားနိုင်ရန်အတွက် နည်းပညာအကြံပေးခြင်း၊ တိုက်တွန်းခြင်း၊ အသုံးချသုတေသန ဆောင်ရွက်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ လေ့လာခြင်း၊ အရည်အသွေး ဖွံ့ဖြိုးရေးများ ဆောင်ရွက်ခြင်းခြင့် ပံ့ပိုးမှုများ ပြုလုပ်နေသည့် အဖွဲ့အစည်းဖြစ်သည်။ အစိုးရဝန်ကြီးဌာနများအတွင်းမှ၊ အရပ်ဖက် လူ့အဖွဲ့အစည်း၊ မီဒီယာ၊ ဥပဒေပြုရေးများ၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာ အဖွဲ့အစည်းများ အတွင်းမှ အပြောင်းအလဲလိုလားသူများနှင့် ပူးပေါင်းပြီး တွင်းထွက်တူးဖော်ရေး လုပ်ငန်းတွင် အောင်မြင်သည့် စီမံအုပ်ချုပ်မှုများပေါ်ပေါက်လာစေရန်၊ တာဝန်ခံမှုများ တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။

www.resourcegovernance.org

global witness

ကမ္ဘာ့အဆိုးဝါးဆုံးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများသည် သဘာဝသယံဇာတ တူးဖော်မှု၊ ကမ္ဘာ့နိုင်ငံရေး စီးပွားရေး စနစ်တွင်းမှ အကျင့်ပျက်မှုများကြောင့် ဖြစ်ပေါ်ရသည်။ ယင်းအဖြစ်အပျက်ဆိုးများ အဆုံးသတ်သွားရန် Global Witness မှ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ခရေစေ့တွင်းကျ စုံစမ်းမှုများ၊ အချက်အလက်များ ဖော်ထုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ အမှီအခိုကင်း၊ အကျိုးအမြတ်အဓိကမထားသည့် အဖွဲ့အစည်းဖြစ်ပြီး တရားမျှတမှုများ ဖြစ်ပေါ်စေရေးအတွက် ကမ္ဘာအနှံ့မှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

Global Witness သည် အာမခံထားသည့် လီမိတက် ကုမ္ပဏီဖြစ်ပြီး အင်္ဂလန်တွင် လုပ်ငန်းမှတ်ပုံတင်ထားသည်။ (Company No. 2871809).

www.globalwitness.org

ISBN 978-0-9954833-3-0